# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်　　၂၀၂၄ ခုနှစ်၊ မတ် ၁၆ ရက်၊ စနေနေ့　　အတွဲ (၆၃)၊ အမှတ်(၁၆၈)


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအား ဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရား လေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မဟုတ်မမှန်လုပ်ကြံသတင်းများ ထုတ်ပြန်ပြီး နိုင်ငံခြားငွေလဲလှယ်နှုန်းများ မြင့်တက်စေရန် လှုံ့ဆော်သူများကို တည်ဆဲဥပဒေများနှင့်အညီ တရားစွဲအရေးယူနိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်

နေပြည်တော်　မတ်　၁၅

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်စေရန်နှင့် ဈေးကစားမှုများ မဖြစ်စေရန်အတွက် သွင်းကုန်လုပ်ငန်းရှင်များလိုအပ်သော နိုင်ငံခြားငွေများကို Online Trading Platform မှတစ်ဆင့် ရောင်းချပေးခြင်း၊ နိုင်ငံခြားသို့ ဆေးကုသခြင်း၊ ပညာတော်သင်သွားခြင်း၊ ဘုရားဖူးသွားခြင်း၊ အလုပ်အကိုင်ကိစ္စရပ်များဖြင့် ထွက်ခွာမည့်သူများအတွက် အသေးသုံး နိုင်ငံခြားငွေများကို ပုဂ္ဂလိကဘဏ်များ၏ ငွေလဲကောင်တာများတွင် ရောင်းချစေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ကြီးကြပ်လျက်ရှိသော Online Trading Platform တွင် ဘဏ်များနှင့် သွင်းကုန်/ပို့ကုန်လုပ်ငန်းရှင်များအကြား အမေရိကန် တစ်ဒေါ်လာလျှင် ၃,၃၇၅ ကျပ်နှုန်းဖြင့် ရောင်းဝယ်နေသကဲ့သို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ပံ့ပိုးမှုဖြင့် ပုဂ္ဂလိကဘဏ် (၃) ဘဏ်တို့၏ အောက်ပါငွေလဲကောင်တာများတွင်

*စာမျက်နှာ ၁၀ ကော်လံ ၁* ❖



လှည်းကူးမြို့နယ်အတွင်း ရေကြီးရေလျှံမှုမှကာကွယ်နိုင်ရန် ငမိုးရိပ်ချောင်းတစ်လျှောက် ပြန်လည်တူးဖော်နေမှုကို တွေ့ရစဉ်။

## ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်း ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ရေး ငမိုးရိပ်ချောင်းတစ်လျှောက် ပြန်လည်တူးဖော်

ရန်ကုန်　မတ်　၁၅

မိုးတွင်းကာလ လှည်းကူးမြို့နယ်အတွင်း ရေကြီးရေလျှံမှုမှကာကွယ်နိုင်ရေး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုအရ ငမိုးရိပ်ရေလှောင်တမံမှ ငမိုးရိပ်ရေတံခါးအထိ ငမိုးရိပ်ချောင်းတစ်လျှောက် ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

*စာမျက်နှာ ၃ ကော်လံ ၄* ❐

**ယနေ့ ဖတ်စရာ**

### တပ်မတော်မရှိလျှင် မငြိမ်းချမ်း ပြည်သူ့အားနှင့်အတူ ပြည်သူမရှိလျှင် တပ်မတော်လည်း ဖြစ်မလာပါ

ဆောင်းပါး　စာ ၆

*ကမ္ဘာ့ရေနေ့အကြို ဂုဏ်ပြုဆောင်းပါး*

### ငြိမ်းချမ်းသာယာဝပြောရေး ရေကဏ္ဍကို မြှင့်တင်ပေး

ဆောင်းပါး　စာ ၁၆



### မန္တလေးမဟာသင်္ကြန်ပွဲတော်ကို ကျုံးပတ်လည်၊ မြို့တွင်းနှင့် ကမ်းနားလမ်းတို့တွင် စည်ကားစွာကျင်းပမည်

ပြည်တွင်းသတင်း　စာ ၁၅

မြန်မာ့အလင်း

# ချွေတာသုံးစွဲရမည့် အဖိုးတန်သည့်ရေ

ခါတ်ကြီးလေးပါးဖြင့် ဖွဲ့စည်းထားသည့် လူတစ်ဦး၏ခန္ဓာကိုယ်တွင် ရေဓာတ်က ပါဝင်ဖွဲ့စည်းမှုအများဆုံးဖြစ်သည်။ အစာမစားရလျှင် ရက်ချီ၍နေနိုင်သော်လည်း ရေမသောက်ရလျှင် တစ်မနက်ပင် နေဖို့မလွယ်။ သို့ဖြစ်၍ ထမင်းအသက်ခုနစ်ရက်၊ ရေအသက်တစ်မနက်ဟုဆိုကြခြင်းဖြစ်သည်။ ဤသို့လျှင် အသက်တမျှအရေးပါလှသည့်ရေကို လူများစွာတို့က အလေးဂရုမပြု၊ တန်ဖိုးမထား။ ရေဟူသည် လွယ်လွယ်ကူကူရရှိနိုင်၍ ပေါပေါသုံးနိုင်သည်ဟု အယူမှားကာ အသုံးပြုရုံသာမကဖြုန်းတီးသည့်အမှုကိုပါ ပြုလျက်ရှိကြသည်။

နေအပူရှိန်ပြင်းသည့် ခြောက်သွေ့ရာသီရောက်လာသည်နှင့်မြစ်၊ ချောင်း၊ အင်းအိုင်၊ ရေတွင်း၊ ရေကန်တို့ ရေနည်းကြ၊ ရေခန်းကြသည်။ မိမိတို့နိုင်ငံတွင် မိုးကုန်သည်နှင့် သောက်ရေ၊ သုံးရေအခက်တွေ့ကြရသည့် ဒေသများစွာရှိသည်။ သန့်ရှင်းသည့်သောက်သုံးရေကို နေ့စဉ်သုံးစွဲခွင့်မရကြဘဲ ပရဟိတရေအလှူလာမှ သုံးစွဲနိုင်ကြသူများလည်း ရှိသည်။ ဤအခြေအနေကို မြို့ကြီးပြကြီးတွင် နေထိုင်ပြီး အိမ်တိုင်ရာရောက် ရေပိုက်ခေါင်းဖွင့်သုံးစွဲခွင့်ရနေသူများက မခံစားကြရ၍ မသိ၊ နားလည်းမလည်။ “ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကိုမသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။” စသောသတိပေးချက်စာတန်းကလေးများကို နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြနှိုးဆော်တိုက်တွန်းလျက်ရှိသော်လည်း အမှတ်တမဲ့ပင် ကျော်လွှားလိုက်ကြသည်။

ကျေးလက်ဒေသများတွင်လည်း ဤနည်းနှင်နှင်။ စိုက်ပျိုးရေအတွက် အခက်မပွေ့ရအောင် ချောင်းပိတ်မြောင်းပိတ်၊ ဆည်မြောင်းတာတမံများနှင့် မြစ်ရေတင်လုပ်ငန်းများကြောင့် လွယ်လွယ်ကူကူရရှိသောရေကို စနစ်တကျအကျိုးရှိရှိ ထိရောက်စွာမသုံးစွဲဘဲ လေလွင့်ပြုန်းတီးမှုများစွာဖြင့် အလဟဿပြုလိုက်ကြသည်။ စည်းကမ်းမဲ့သူတို့ကြောင့် ဆည်မြောင်းလက်တံအရင်းနှင့် အဖျား အငြင်းပွားကြ၊ အချင်းများကြရသည်။ တုတ်တပြက်ဓားတပြက်နှင့် ရုံးရောက်ဂါတ်ရောက် ရောက်ကြရသည်။ စိုက်ပျိုးရေသုံးစွဲမှုများစနစ်ကျအောင်၊ မျှတစွာရရှိအောင်၊ လေလွင့်ပြုန်းတီးမှုနည်းပါးစွာဖြင့် အကျိုးရှိစွာသုံးစွဲနိုင်အောင်၊ ခေတ်မီနည်းစနစ်များအသုံးပြု၍စိုက်ပျိုးနိုင်အောင် သက်ဆိုင်ရာကအသိပညာပေးခြင်း၊ နည်းပညာပေးခြင်း၊ အဖွဲ့အစည်းများဖွဲ့စည်းပေးခြင်းတို့ ပြုလုပ်ပေးခဲ့ရသည်။ စိုက်ပျိုးရေးအတွက် မရှိမဖြစ်သောရေကို စိုက်ပျိုးရေးကပင် အပြုန်းတီးဆုံးမဖြစ်စေရန် စိုက်ပျိုးရေးနှင့်အသက်မွေးသူတိုင်းက စည်းစနစ်တကျအသုံးပြုကြရမည်ဖြစ်သည်။

မိမိတို့နိုင်ငံကို သာမန်အားဖြင့် ရေသယံဇာတအရင်းအမြစ်ပေါများသည့်နိုင်ငံအဖြစ် ညွှန်းဆိုကြသည်။ ရေအရင်းအမြစ်ပိုင်ဆိုင်မှု အာဆီယံတွင် အဆင့်(၁)၊ အာရှတွင်အဆင့် (၅) ဟူ၍လည်း အဆင့်ဖြင့်သတ်မှတ်ပြသည်။ သို့ရာတွင် ရာသီဥတုပြောင်းလဲခြင်း၊ သဘာဝသစ်တောများပြုန်းတီးခြင်း၊ လူနေမြို့ရွာများချဲ့ထွင်လာခြင်း၊ ရွှေအပါအဝင် တွင်းထွက်သတ္တုများ၊ ကျောက်မျက်တူးဖော်မှုများကြောင့် ရေအရင်းအမြစ်များ ပျက်စီးပျောက်ကွယ်သွားမှုများ များစွာဖြစ်ပေါ်နေသည်ကို သတိပြုကြရန်လိုသည်။ ပြည်တွင်းရှိ ရေချိုမြစ်ကြီးများဖြစ်သည့် ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်မြစ်ကြီးများကိုလည်း မပျက်မစီးအောင် ထိန်းသိမ်းစောင့်ရှောက်ရန်လိုသည်။ အဖိုးတန်ရေအရင်းအမြစ်များဖြစ်သည့် မြစ်ချောင်းများအတွင်း ပလတ်စတစ်နှင့်အမှိုက်သရိုက်များ၊ ဓာတုညစ်ညမ်းမှု၊ ဇီဝညစ်ညမ်းမှုများ ရောက်ရှိမသွားအောင် မြစ်ချောင်းများနှင့် ဆက်စပ်နေသည့်မြို့တိုင်း၊ ရွာတိုင်း၊ လူတိုင်းက ဂရုတစိုက်စောင့်ရှောက်ကြရန်လိုသည်။

နိဂုံးချုပ်အားဖြင့်ဆိုရလျှင် ရေကိုအဖိုးတန်သယံဇာတတစ်ခုအဖြစ် လူတိုင်းက တန်ဖိုးထားအသုံးပြုကြရန်ဖြစ်သည်။ မြို့ပေါ်တွင် မိမိတို့အိမ်အရောက်ရေကောင်းရေသန့်များ ရရှိရေး၊ ကျေးလက်ဒေသများတွင် စိုက်ခင်းလယ်ကွင်းများအထိ စိုက်ရေပျိုးရေများရောက်ရှိရေး နိုင်ငံတော်က ငွေကြေးပမာဏကြီးမားမြောက်မြားစွာကုန်ကျခံပြီး ဆောင်ရွက်ထားရခြင်းဖြစ်သည်ကိုလည်း အလေးအနက်ဂရုပြုကြရန် လိုအပ်သည်။ အမှတ်တမဲ့ဖြစ်စေ၊ ပေါ့လျော့မှုကြောင့်ဖြစ်စေ ရေလေလွင့်ပြုန်းတီးမှုများဖြစ်ပေါ်တိုင်း ကမ္ဘာပေါ်တွင် လူဦးရေသန်းပေါင်း ထောင်နှင့်ချီ၍ မိမိတို့ကဲ့သို့ ရေသုံးစွဲခွင့်မရသည်ကိုလည်းကောင်း၊ ရေကောင်းရေသန့်မသုံးရ၍ နှစ်စဉ်ကလေးငယ်သန်းပေါင်းများစွာ သေဆုံးနေရသည်ကိုလည်းကောင်း အမှတ်ရမြင်ယောင်ကာ အဖိုးတန်သည့်ရေကို စည်းစနစ်ကျစွာ ချွေတာသုံးစွဲကြပါရန် နှိုးဆော်တိုက်တွန်းလိုက်ရပါကြောင်း။ ။

## (၇၉) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာ ဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ KNOWLEDGE SHARING PROGRAMME (KSP) သောကြာနေ့စကားဝိုင်း (FRIDAY TALK) အမှတ်စဉ် (၅၀) ဆွေးနွေးပွဲကျင်းပ



**နေပြည်တော် မတ် ၁၅**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk)၏ အမှတ်စဉ် (၅၀) ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနရုံးအမှတ် (၁) ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက ယနေ့ဆွေးနွေးတင်ပြသည့် ခေါင်းစဉ်သည် “နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ရေးနှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဆက်သွယ်ချက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ” ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခုအနေဖြင့် ပါဝင်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုသာမက နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများကိုပါ ဖိတ်ခေါ်ဆောင်ရွက်ရပါကြောင်း၊ မိမိတို့ နိုင်ငံတွင်လည်း ၁၉၈၀ ပြည့်နှစ်ကတည်းက ဥပဒေများပြဋ္ဌာန်း၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ခဲ့ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် အာဆီယံရင်းနှီးမြှုပ်နှံမှုနယ်ပယ် (ASEAN Investment Area- AIA) ကို တည်ထောင်၍ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုသည်မှာ တစ်ဦးတစ်ယောက်ချင်းဖြစ်စေ၊ အစုအဖွဲ့နှင့် ဖြစ်စေ ငွေအရင်းအနှီးများ မြှုပ်နှံခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် အများဆုံးပြုလုပ်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ ရေနံတူးဖော်ရေးလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းတို့ ဖြစ်ကြပါကြောင်း၊ လုပ်သားအင်အားများပြားသော CMP လုပ်ငန်းများတွင်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြပါကြောင်း၊ မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍ ရင်းနှီးမြှုပ်နှံမှု၌ MSME လုပ်ငန်းများသည် ၉၅ ရာခိုင်နှုန်းရှိပါကြောင်း၊ ယခုဆွေးနွေးသည့် ခေါင်းစဉ်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော ဆွေးနွေးချက်များ ဖြစ်သဖြင့် တက်ရောက် လာကြသူများက စိတ်ပါဝင်စားစွာဖြင့် တက်တက်ကြွကြွ ပါဝင်ဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆွေးနွေးတင်ပြမှုကို ဆောင်ရွက်ရာ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဖြိုးပွင့်ဟန်က “နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ရေးနှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဆက်သွယ်ချက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ” ခေါင်းစဉ်ဖြင့် အသေးစိတ်ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက နိုင်ငံတစ်နိုင်ငံအတွက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှ MSMEs လုပ်ငန်းများသို့ နည်းပညာလွှဲပြောင်းရေးအတွက် ပြဋ္ဌာန်းချက်များ၊ နည်းပညာလက်ခံရရှိနိုင်မည့် MSMEs များ၏ စွမ်းရည်လိုအပ်ချက်ကဏ္ဍများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးခဲ့ပြီး တက်ရောက် လာကြသူများက သိရှိလိုသည်များကို ဝိုင်းဝန်းမေးမြန်းဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း / အမှုထမ်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ Online ဖြင့် တက်ရောက်သည့် အရာထမ်း/အမှုထမ်းများ အပါအဝင် စုစုပေါင်း ဝန်ထမ်းအင်အား ၁၂၀ ကျော် တက်ရောက်ကြသည်။

**သတင်းစဉ်**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မတ် ၁၅** – နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ညစာစားပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ





**နေပြည်တော် မတ် ၁၅**

နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ညစာစားပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားတို့ကို ယနေ့ညနေပိုင်းတွင် နိုင်ငံခြားရေး ဝန်ကြီးဌာနဝင်းအတွင်း၌ ကျင်းပ သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဝန်ကြီး ချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၁) ပြည် ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ အလုပ်သမား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ အားကစားနှင့်လူငယ် ရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမင်းသိန်းဇံ၊ နိုင်ငံခြား ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး၊ ပြည်ထောင်စု ရာထူးဝန် အဖွဲ့ အဖွဲ့ဝင် ဦးကျော်မျိုးထွဋ်၊ ဖိတ်ကြားထားသူများ၊ ခေတ္တ အမြဲတမ်းအတွင်းဝန်၊ သံအမတ် ကြီးများ၊ အငြိမ်းစားသံအမတ်ကြီး များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ နှင့် ဝန်ထမ်းများ တက်ရောက် ကြသည်။

**အောင်မြင်မှုများတွေ့ရှိ**

ရှေးဦးစွာ ဒုတိယဝန်ကြီးချုပ် နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ က (၇၇) နှစ်မြောက် နှစ်ပတ်လည် နေ့အထိမ်းအမှတ် အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ တစ်နှစ်ခန့် အလို ၁၉၄၇ ခုနှစ် မတ် ၁၇ ရက် တွင် နိုင်ငံခြားရေးဌာန (Foreign Affairs Department) စတင် တည်ထောင်ခဲ့ခြင်းကို နိုင်ငံခြား ရေးဝန်ကြီးဌာန စတင်တည်ထောင် သောနေ့အဖြစ် သတ်မှတ်ခဲ့ရာ ယခုနှစ်တွင် (၇၇) နှစ်မြောက် နှစ်ပတ်လည် အခါသမယသို့ ရောက်ရှိလာခဲ့ပြီ ဖြစ်ကြောင်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာန၏ သက်တမ်းသည် (၇၇) နှစ်ရှိပြီဟု ဆိုသော်လည်း မြန်မာတို့၏ နိုင်ငံ တကာဆက်ဆံရေး သမိုင်းသည် နှစ်ပေါင်း (၂၀၀၀) ကျော်ရှိခဲ့ပြီဖြစ် ကြောင်း၊ မြန်မာနိုင်ငံဟု မပေါ် ပေါက်မီ ဘီစီ (၂) ရာစုက စတင် ပေါ်ပေါက်ခဲ့သော မြန်မာနိုင်ငံ၏ City States မြို့ပြနိုင်ငံငယ်လေး များသည် အိမ်နီးချင်းနိုင်ငံများသို့ သံတမန်များ စေလွှတ်ခဲ့ခြင်းများ ကို သရေခေတ္တရာ၊ ဟန်လင်း၊ ဗိဿနိုး မြို့ပြနိုင်ငံငယ်လေးများ ၏သမိုင်းတွင် လေ့လာတွေ့ရှိရ ကြောင်း၊ မြန်မာနိုင်ငံအဖြစ် စုစည်းတည်ထောင်ခဲ့သည့် ပုဂံ ခေတ်မှစ၍ မြန်မာဘုရင်များ အုပ်ချုပ်ခဲ့သော ခေတ်အဆက် ဆက်တွင်လည်း အခြားနိုင်ငံများ နှင့်ရင်းနှီးသော မဟာမိတ်ဆက်ဆံ ရေးထူထောင်ခြင်း၊ ကြုံတွေ့ရ သော စစ်ရေးပဋိပက္ခများကို ဖြေရှင်းရန် သံတမန်အဖွဲ့များ အပြန်အလှန် စေလွှတ်ခြင်းများရှိ ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ခေတ်သစ်သမိုင်းတွင်လည်းဂုဏ်ယူ ရမည့် နိုင်ငံတကာဆက်ဆံရေး၊ သံတမန်ရေး အောင်မြင်မှုများကို တွေ့ရှိရပါကြောင်း။

ယနေ့ မျက်မှောက်ခေတ် ကမ္ဘာတွင် နိုင်ငံအများဆုံးကျင့်သုံး နေသော ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ရေးမူကို ၁၉၅၄ ခုနှစ်တွင် အိန္ဒိယ၊ တရုတ်နိုင်ငံတို့နှင့်အတူ မြန်မာနိုင်ငံက မူဝါဒစတင်ချမှတ် ခဲ့သည့်နိုင်ငံအဖြစ်လည်း အထူး ဂုဏ်ယူရပါကြောင်း၊ ထိုမူဝါဒကို အခြေခံပြီး ၁၉၅၅ ခုနှစ်တွင် ကျင်းပ ပြုလုပ်ခဲ့သော ဘန်ဒေါင်းညီလာခံ တွင် ဦးဆောင်ကျင်းပသော နိုင်ငံ တစ်နိုင်ငံဖြစ်ခဲ့ပါကြောင်း၊ ကမ္ဘာ့ ကုလသမဂ္ဂပြီးလျှင် ကမ္ဘာ့အကြီး ဆုံး နိုင်ငံတကာအဖွဲ့အစည်းတစ်ခု ဖြစ်သည့် ဘက်မလိုက်လှုပ်ရှား မှုအဖွဲ့ (NAM) ကို စတင်ဖွဲ့စည်း တည်ထောင်သော Founding member လည်း ဖြစ်ခဲ့ပါကြောင်း၊ ယခုအခါ နိုင်ငံပေါင်း ၁၂၆ နိုင်ငံ နှင့် သံတမန်အဆက်အသွယ် ထူထောင်ထားပြီး ပြည်ပနိုင်ငံများ တွင် သံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန် ချုပ်ရုံး ၅၁ ရုံးဖွင့်လှစ်ကာ နိုင်ငံ့ ဝန်ထမ်းသံတမန်များ တာဝန် ထမ်းဆောင်လျက် ရှိကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇၇)နှစ် တာကာလတစ်လျှောက် စွမ်းစွမ်း တမံ ကြိုးပမ်းဆောင်ရွက်ခဲ့ကြ သည့် သားကောင်းတမန်များကို လည်း အသိအမှတ်ပြုချီးကျူး ဂုဏ်ပြုပါကြောင်း၊ အောင်မြင်သော သံတမန်များဖြစ်ရန် ရှေ့အစဉ် အဆက် တာဝန်ထမ်းဆောင်ခဲ့ကြ သောသံတမန်များ၏ ကောင်းမွန် သော အားသာချက်များကိုလေ့လာ သင်ယူသကဲ့သို့ သံတမန်တစ်ဦး တွင် ရှိသင့်ရှိထိုက်သော အရည် အသွေး (Diplomatic Characte- ristic) များကို မြင့်မားအောင် ကြိုးစားကြရန်လိုကြောင်း။

**လေ့လာဆည်းပူးနေရန်လို**

သံတမန်တစ်ဦး၏ အရေး ကြီးဆုံးသော အရည်အသွေးသည် သစ္စာရှိမှု Loyalty ဖြစ်ပါကြောင်း၊ သံတမန်များသည် နိုင်ငံကိုယ်စား ပြု ဆောင်ရွက်ရသူများဖြစ်သဖြင့် သစ္စာဖောက်ဖျက်ပါက နိုင်ငံနှင့် လူမျိုးအတွက်ကြီးမားသောနစ်နာ ဆုံးရှုံးမှုဖြစ်ရကြောင်း၊ သစ္စာ ဖောက်ဖျက်သော သံတမန်များ အနေဖြင့်လည်း ဘဝကိုအေးချမ်း စွာဖြင့် ဂုဏ်သိက္ခာရှိရှိ ဖြတ်သန်း နိုင်မည့် အခွင့်အရေးဆုံးရှုံးလိမ့် မည်ဖြစ်ကြောင်း၊ သံတမန်များ အနေဖြင့် Communication Skill ၊ Language Skill ၊ Negotiation Skill အရည်အသွေးများကို အစဉ် လေ့ကျင့်၍ လေ့လာဆည်းပူးနေကြ ရန်လိုကြောင်း၊ အရှည်ကိုမြော်မြင် စဉ်းစားချင့်ချိန်နိုင်သော Strategic Thinking ၊ သတ္တိနှင့် ယုံကြည်မှု (Courage and Confidence) တို့ရှိရန်လည်း အရေးကြီးပါ ကြောင်း၊ သံတမန်များသည် ကြီးမားသော ပြဿနာများကို အနည်းဆုံးအင်အားဖြင့် ရင်ဆိုင် ဖြေရှင်းကြရသူများ ဖြစ်သည့် အတွက် သတ္တိနှင့် ယုံကြည်မှု မရှိလျှင် ကျဆုံးသွားနိုင်ကြောင်း၊ သစ္စာမဲ့သူ ဖြစ်သွားနိုင်ကြောင်း၊ ဂုဏ်သိက္ခာမဲ့သူအဖြစ်သို့ ရောက်ရှိ သွားနိုင်ကြောင်း။

**တာဝန်သိသိဖြင့်ဆောင်ရွက်**

နိဂုံးချုပ်အနေဖြင့် အစဉ်အလာ ကောင်းများရှိသော မြန်မာသံတမန် လောကတွင် နိုင်ငံတော်နှင့် နိုင်ငံ သားတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ရန် ဝင်ရောက်တာဝန် ထမ်းဆောင်နေကြသော နိုင်ငံ့ ဝန်ထမ်း သံတမန်များအနေဖြင့် ဘိုးဘေးဘီဘင်များ စွမ်းဆောင်ခဲ့ မှုကြောင့် တည်တံ့ခိုင်မြဲနေသော နိုင်ငံတော်ကြီး ဆက်လက်တည်တံ့ ခိုင်မြဲရန်နှင့် ပိုမိုဖွံ့ဖြိုးတိုးတက် ရန် သစ္စာရှိရှိဖြင့် တာဝန်သိသိ ဆက်လက် ကြိုးပမ်းဆောင်ရွက် သွားကြပါရန် နိုင်ငံခြားရေးဝန်ကြီး ဌာန၏ (၇၇) နှစ်မြောက် နှစ်ပတ် လည်အခါသမယတွင် တိုက်တွန်း နှိုးဆော်အပ်ပါကြောင်း မှာကြား သည်။

**ဆုများချီးမြှင့်**

ထို့နောက် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် အထက်မြန်မာပြည် နှင့် အောက်မြန်မာပြည်တို့၌ ဖွင့်လှစ်ခဲ့သည့် သင်တန်းများတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများနှင့် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနတွင်း အားကစား ပြိုင်ပွဲများတွင် ပထမဆုရရှိခဲ့ကြ သည့် ဝန်ထမ်းများကို ဆုများ ချီးမြှင့်ခြင်း၊ နိုင်ငံခြားရေး ဝန်ကြီး ဌာန၏ (၇၇) နှစ်မြောက် နှစ်ပတ် လည်နေ့အထိမ်းအမှတ်ကို ဂုဏ်ပြု သည့်အနေဖြင့် ဝန်ထမ်းများ အတွက် အထူးဆုမဲ ၇၇ ဆု မဲဖောက်ခြင်းတို့ဖြင့် အခမ်းအနား ကို စည်ကားသိုက်မြိုက်စွာ ကျင်းပ သည်။

**သီဆိုဖျော်ဖြေ**

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံ တော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယ ဝန်ကြီး၊ ပြည်ထောင်စုရာထူးဝန် အဖွဲ့ဝင်၊ ခေတ္တအမြဲတမ်း အတွင်းဝန်၊ သံအမတ်ကြီးများ၊ အငြိမ်းစား သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များက ဝန်ထမ်း များနှင့်အတူတကွ ညစာသုံးဆောင် ကြပြီး ညစာသုံးဆောင်နေစဉ် ဝါသနာရှင်ဝန်ထမ်းများက ယိမ်း အကများ၊ တေးသံသာများ ဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



❒ *ရှေ့ဖုံးမှ*

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီး ချုပ် ဦးစိုးသိန်းနှင့် အဖွဲ့ဝင်များ သည် ယနေ့မွန်းလွဲပိုင်းတွင် လှည်းကူးမြို့နယ် ကမ်းနီကျေးရွာ ရန်ကုန် - မန္တလေး အမြန်လမ်း ၁၁ မိုင် ၃ ဖာလုံတွင် ငမိုးရိပ်ချောင်း ပြန်လည် တူးဖော်နေမှုကိုလည်း ကောင်း၊ အောင်ချမ်းသာရပ်ကွက် ဖောင်ကြီးအရှေ့တွင် ငမိုးရိပ်ချောင်း တူးဖော်ပြီးစီးမှုကိုလည်းကောင်း၊ မြေစေးအိုင်ကျေးရွာနှင့် ဥယျာဉ်ဝ ကျေးရွာကို ဆက်သွယ်သော ငမိုး ရိပ်ချောင်းကူးတံတားအနီး လုပ်ငန်း ဆောင်ရွက်မည့်နေရာကို လည်း ကောင်း၊ ကြို့ကုန်းကျေးရွာ (တောင်) နှင့် ကြို့ကုန်းကျေးရွာ (မြောက်) တို့ကို ဆက်သွယ်ထား သော ငမိုးရိပ်ချောင်းကူးတံတား အနီးနှင့် ကမ်းနီကျေးရွာတွင် လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု များကိုလည်းကောင်း၊ နှုတ်ခမ်း မွေးသိုက်ကျေးရွာအနီးတွင် စက် ယန္တရားကြီးများဖြင့် လုပ်ငန်း ဆောင်ရွက်နေမှုများကို လည်း ကောင်း သွားရောက်ပြီး လိုက်လံ ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံ ခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေး မှူး ဦးကျော်နိုင်ဦးနှင့် တာဝန်ရှိသူ များက လုပ်ငန်းဆောင်ရွက်ပြီးစီး မှုနှင့် လုပ်ငန်းဆောင်ရွက်နေမှု များကို ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရေလျှံသည့်နေရာ များ၏ အောက်ဘက်ကို နက်နက် တူး၍ နိမ့်သည့်နေရာများတွင် အနေအထား ကြည့်၍တူးရန်၊ လုပ်ငန်း ဆောင်ရွက်နေသည့် အခြေအနေများအခက်အခဲရှိပါက တင်ပြကြရန်၊ သတ်မှတ်ကာလ အတွင်း လုပ်ငန်းများ အမြန်ဆုံး ပြီးစီးရေး ဆောင်ရွက်ကြရန် နှင့် လိုအပ်သည်များ မှာကြား သည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**






# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃ – ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၁၅**

၂၀၂၃–၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမူထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

**စဉ်ဆက်မပြတ်ကျင်းပပေး**

အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမှာစကားပြောကြားရာတွင် မြန်မာ့ဘောလုံး အားကစားအဆင့်အတန်းတိုးတက်မြင့်မားလာစေရေး၊ အရှေ့တောင်အာရှနှင့် အာရှဒေသနယ်ပယ်တွင် အောင်မြင်စွာ ရပ်တည်နိုင်ရေးသည် ပြည်သူတစ်ရပ်လုံး၏ လိုလားချက် ဖြစ်သည့်အတွက် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန၏ ရည်မှန်းချက်တစ်ရပ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာဘောလုံးအသင်း အောင်မြင်မှုရရှိနိုင်ရန် မြန်မာ့လက်ရွေးစင် လူငယ်အသင်းများကို ကျောထောက်နောက်ခံအဖြစ် အင်အားအများဆုံး ဖြည့်တင်းပေးနိုင်မည့် ပြည်နယ်နှင့် တိုင်းဒေသကြီး လူငယ်ဘောလုံးပြိုင်ပွဲများကို မိမိတို့ဌာနအနေဖြင့် စဉ်ဆက်မပြတ်ကျင်းပပေးနေပါကြောင်း။

**မျှတမှန်ကန်စွာဆောင်ရွက်**

ပြိုင်ပွဲဝင် အားကစားသမားများအနေဖြင့်လည်း အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် သန့်သန့်ရှင်းရှင်း ယှဉ်ပြိုင်ကစားကြစေလိုကြောင်း၊ ဒိုင်လူကြီးများအနေဖြင့်လည်း ဘက်လိုက်မှု ကင်းရှင်းပြီး သတ်မှတ်ထားသည့် ဥပဒေ၊ စည်းမျဉ်း/စည်းကမ်းများနှင့်အညီ တရားမျှတမှန်ကန်စွာ ဆုံးဖြတ်ဆောင်ရွက်သွားကြစေလိုကြောင်း၊ ယခုပြိုင်ပွဲမှတစ်ဆင့် ထူးချွန်ထက်မြက်ပြီး နိုင်ငံတော်က အားထားရမည့် ဘောလုံးအားကစားသမားကောင်းများပေါ်ထွက်လာအောင် ယှဉ်ပြိုင်ကစားသွားကြရန် တိုက်တွန်းမှာကြားရင်း ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်ကြောင်း ပြောကြားသည်။

ထို့နောက်ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူတို့သည် ပြိုင်ပွဲဝင် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ကချင်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီး အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

**ကြည့်ရှုအားပေးနိုင်**

၂၀၂၃–၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ထူးချွန်ထက်မြက်သည့် လူငယ်သွေးသစ် ဘောလုံးသမားများ ပေါ်ထွက်လာစေရန်အတွက် ရည်ရွယ်၍ မတ် ၁၅ ရက်မှ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၃ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ရာ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို **(အခမဲ့)** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ Ms . Ella Pamfilova နှင့်တွေ့ဆုံ



**နေပြည်တော် မတ် ၁၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲသို့လေ့လာရန် မော်စကိုမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ် ၁၃ ရက် နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ရေးဗဟိုဌာန၌ ကျင်းပပြုလုပ်သည့် ရှင်းလင်းပွဲသို့ တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ Ms. Ella Pamfilova နှင့် တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံ ရွေးကောက်ပွဲကော်မရှင်တို့အကြား ချစ်ကြည်ရင်းနှီးစွာ ချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်အရ ဆက်လက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သောလုပ်ငန်းများကို ဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်သည်။

တွေ့ဆုံပွဲသို့ မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးသစ်လင်းအုန်းလည်း တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဟားခါးမြို့၌ ကော်ဖီတိုးချဲ့စိုက်ပျိုးရန်အတွက် ကော်ဖီမျိုးစေ့များ ထောက်ပံ့ပေးအပ်

**ဟားခါး မတ် ၁၅**

ဟားခါးခရိုင်၌ ၂၀၂၄–၂၀၂၅ ခုနှစ်အတွင်း ကော်ဖီတိုးချဲ့ စိုက်ပျိုးနိုင်ရန်အတွက် ကော်ဖီမျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့က ဟားခါးမြို့ရှိ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်ခေတ္တအုပ်ချုပ်ရေးမှူး ဦးကျော်စွာမင်း၊ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဟားခါးမြို့နယ် အုပ်ချုပ်ရေးမှူး၊ ထန်တလန်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဟားခါးမြို့နယ်နှင့် ထန်တလန်မြို့နယ်မှ ကော်ဖီစိုက်တောင်သူများ တက်ရောက်ကြသည်။

ထောက်ပံ့ပေးအပ်ပွဲတွင် ခရိုင်ခေတ္တအုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးဟုန်းကီးက ကော်ဖီမျိုးစေ့ထောက်ပံ့ပေးအပ်ရခြင်း ရည်ရွယ်ချက်၊ ဒေသနှင့်ကိုက်ညီမည့် ကုန်းမြင့်ကော်ဖီ အာရေဗီကာ ကော်ဖီမျိုးစေ့ရရှိနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ကော်ဖီစိုက်ပျိုးခြင်းနှင့်ပတ်သက်၍ တောင်သူများ သိရှိလိုက်နာသင့်သည့် အချက်များကို ရှင်းလင်းပြောကြားကာ ဒေသနှင့်ကိုက်ညီမည့် ကုန်းမြင့်ကော်ဖီ အာရေဗီကာကော်ဖီမျိုးစေ့များကို ခရိုင်ခေတ္တအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဒေသခံ ကော်ဖီစိုက်တောင်သူများဖြစ်သည့် ဦးငွန်သုန်း၊ ဦးရှယ်ထန်း၊ ဦးထလာထန်း၊ ဦးထောင်လွှဲ၊ ဦးဘန်ဘွေထောင်းနှင့် ဒေါ်ရှန်ငွန်ဆီးတို့ထံ ပေးအပ်သည်။

အဆိုပါ ကော်ဖီမျိုးစေ့ ထောက်ပံ့ပေးအပ်ပွဲတွင် ဟားခါးမြို့နယ်မှ တောင်သူ ၁၂ ဦးနှင့် ထန်တလန်မြို့နယ်မှ တောင်သူ ၁၆ဝ တို့အတွက် ကုန်းမြင့်ကော်ဖီ အာရေဗီကာ ကော်ဖီမျိုးစေ့ထုပ် ၁၀ဝ ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန် /ဆက်)**

# ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ (၅၂) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

## လာမည့် အနာဂတ်ကာလ၌ စာပေပညာရှင်များကို များစွာအကျိုးပြုမည့် “စာဆိုဗိမာန်” ကြီးတစ်ခုကို တည်ဆောက်ပြီး ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအောက်တွင် ထားရှိဆောင်ရွက်သွားရန် မိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်းလျက်ရှိ

နေပြည်တော် မတ် ၁၅

**ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ (၅၂) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ ဘိုးဝဇီရခန်းမ၌ ကျင်းပသည်။**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင် ဖွင့်လှစ်ခဲ့သည့် သင်တန်းများ၌ ထူးချွန်စွာအောင်မြင်ခဲ့သော ဝန်ထမ်းတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ (၅၂) နှစ်တာဖြတ်သန်း ဆောင်ရွက်ခဲ့သည့် မှတ်တမ်းဗီဒီယိုကို ပြသသည်။

**ပူးပေါင်းဆောင်ရွက်ပေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်များဖြစ်သည့် ပြည်သူလူထုကို သတင်းအချက်အလက်ပေးရန်၊ အသိပညာပေးရန်နှင့် ဖျော်ဖြေပေးရန်ဆိုသည့် လုပ်ငန်းများကို ဆောင်ရွက်ရာတွင် မြန်မာစာပေဖွံ့ဖြိုးရေးလုပ်ငန်းလည်း အပါအဝင်ဖြစ်ပါကြောင်း၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအောက်မှ ဌာနခွဲတစ်ခုဖြစ်သည့် စာပေဗိမာန်သည် မြန်မာစာပေဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ပြည်သူများ ဗဟုသုတရရှိစေမည့် စာအုပ်စာပေများ ထုတ်ဝေခြင်း၊ စာတမ်းဖတ်ပွဲများ ကျင်းပခြင်း၊ စာပေစကားဝိုင်းများ၊ စာပေဆွေးနွေးပွဲများကျင်းပခြင်းနှင့်အတူ အမျိုးသားစာပေတစ်သက်တာ ဆုများ၊ အမျိုးသားစာပေဆုများ ချီးမြှင့်ခြင်းလုပ်ငန်းကို ခေတ်အဆက်ဆက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကစာပေဆုတစ်ခုဖြစ်သည့် ပခုက္ကူစာပေဆု ချီးမြှင့်ရာတွင်လည်း ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့မြင်ရပါကြောင်း၊ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်အားကြီးမားသည့် အထောက်အကူပြုမှုများပင် ဖြစ်ပါကြောင်း။

ထို့အပြင် မြန်မာစာပေအကျိုးကို တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးခဲ့ကြသည့်၊ ဖြည့်ဆည်းပေးနေကြသည့် စာပေပညာရှင်များကို ထိုက်တန်သည့် ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်နိုင်ရေးအတွက် စာပေပညာရှင်များ ပဏာမအဆင့် စိစစ်ရွေးချယ်ခြင်းလုပ်ငန်းကိုလည်း ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ဆောင်ရွက်ပေးနေသည်ကို တွေ့ရပါကြောင်း၊ နိုင်ငံတော်၏ တာဝန်ကြီးတစ်ရပ်ကို ဖြည့်ဆည်းပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း။

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနသည် ပြည်တွင်းပြည်ပ စာရေးဆရာ၊ သတင်းစာဆရာ အဖွဲ့အစည်းများ၊ ပုံနှိပ်လုပ်ငန်းရှင်များ၊ စာပေထုတ်ဝေဖြန့်ချိရေး အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မြန်မာစာပေနှင့် စာပေလောကသားများ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လာမည့် အနာဂတ်ကာလ၌ စာပေပညာရှင်များကို များစွာအကျိုးပြုမည့် “စာဆိုဗိမာန်” ကြီး တစ်ခုကို တည်ဆောက်ပြီး ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအောက်တွင် ထားရှိဆောင်ရွက်သွားရန် မိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်းလျက်ရှိပါကြောင်း ပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ ဝန်ထမ်းများအတွက် ကျပ်သိန်း ၂၀၉၃၀၀၀၀ တန်ဖိုးရှိ ဝတ်စုံများကို ညွှန်ကြားရေးမှူးချုပ်ထံ ထောက်ပံ့ပေးအပ်ပြီး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင် ဖွင့်လှစ်ခဲ့သည့် သင်တန်းများ၌ ထူးချွန်စွာ အောင်မြင်ခဲ့သော ဝန်ထမ်းသုံးဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ဖွင့်လှစ်ခဲ့သည့် သင်တန်းများတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ဝန်ထမ်းသုံးဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများက အခြားဝန်ကြီးဌာနများတွင် ဖွင့်လှစ်ခဲ့သည့် သင်တန်းများတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းငါးဦးအား လည်းကောင်း၊ ဝန်ကြီးဌာနအတွင်းနှင့် ဌာနတွင်း ဖွင့်လှစ်ခဲ့သည့် သင်တန်းများတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းလေးဦးအား လည်းကောင်း၊ ဌာနတွင်း ဖွင့်လှစ်ခဲ့သည့် ပုံနှိပ်ပညာ သင်တန်းများတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဝန်ထမ်းလေးဦးအား လည်းကောင်း၊ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံရှိ စက်ပြုပြင်ထိန်းသိမ်းမှု အဖွဲ့ (၁) အထူးဆုရရှိသော ဝန်ထမ်းများနှင့် ဂျီတီစီပုံနှိပ်စက်ရုံရှိ စက်ပြုပြင်ထိန်းသိမ်းမှု အဖွဲ့(၂) အထူးဆုရရှိသည့် ဝန်ထမ်းများအား လည်းကောင်း၊ (၇၆) နှစ်မြောက်လွတ်လပ်ရေးနေ့ သဝဏ်လွှာကတ်များအား အမှားအယွင်း ကင်းစွာဖြင့် ကြိုးပမ်း ဆောင်ရွက်ခဲ့သည့် ဝန်ထမ်းသုံးဦးအား လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ပြီး ဆုရရှိသူများကိုယ်စား စာပေဗိမာန်ရုံးမှ စာတည်းမှူး ဒေါ်ဇင်မာထွေးက ကျေးဇူးတင်စကားပြောကြားသည်။

**ဆုမဲများဖောက်ပေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဝန်ထမ်းများအား ဆုမဲများ ဖောက်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများသည် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့်အတူ နေ့လယ်စာကို လက်ရည်တစ်ပြင်တည်း အတူတကွ သုံးဆောင်ခဲ့ကြသည်။

**သတင်းစဉ်**



ဒုတိယဝန်ကြီး ဦးရဲတင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် ဖွင့်လှစ်ခဲ့သည့် သင်တန်းများတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ဝန်ထမ်းတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ စိစစ်ခြင်းလုပ်ငန်းများဆောင်ရွက်

**ရန်ကုန် မတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်း၊ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကနည်းပညာနှင့် သက်မွေးဆိုင်ရာပညာရေးနှင့် လေ့ကျင့်ရေးကျောင်း၊ နိုင်ငံတကာသင်ရိုးညွှန်းတမ်းနှင့်သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၊ နိုင်ငံခြားသားပုဂ္ဂလိကကျောင်းဆရာပါဝင်သော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ မှတ်ပုံတင်ခြင်းဆိုင်ရာစိစစ်ခြင်းလုပ်ငန်းများကို ယနေ့မွန်းလွဲပိုင်းတွင် ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါဆောင်ရွက်ခြင်းလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း ကြီးကြပ်ရေးအဖွဲ့ဝင်များသည် ယနေ့မွန်းလွဲ ၁ နာရီက လှိုင်မြို့နယ်ရှိ STI MYANMAR UNIVERSITY သို့လည်းကောင်း၊ မွန်းလွဲ ၃ နာရီတွင် လမ်းမတော်မြို့နယ်ရှိ CHINDWIN TECHNOLOGICAL UNIVERSITY သို့ သွားရောက်စစ်ဆေးခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီးတွင်၌ ၂၀၂၃–၂၀၂၄ ပညာသင်နှစ်တွင် ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်း (တက္ကသိုလ်၊ ကောလိပ်၊ စင်တာ)၊ နိုင်ငံတကာသင်ရိုးညွှန်းတမ်းနှင့် သင်ကြားသောပုဂ္ဂလိကကျောင်း များ ၈၄၂ ကျောင်းရှိပြီး ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်းဆိုင်ရာ စစ်ဆေးခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



**အောင်မြင့်(ပြန်/ဆက်)**

# တပ်မတော်မရှိလျှင် မငြိမ်းချမ်း ပြည်သူ့အားနှင့်အတူ ပြည်သူမရှိလျှင် တပ်မတော်လည်းဖြစ်မလာပါ

*စစ်သည်ဟောင်းတစ်ဦး*

**❍ ယနေ့တပ်မတော်သားတွေ ကိုင်တွယ်ပစ်ခတ်နေတဲ့ လက်နက်ငယ် စတဲ့လက်နက်ပေါင်းစုံ ပစ်တတ်ခတ်တတ်ခြင်းဟာ အလွန်ဂုဏ်ယူစရာကောင်းပါတယ်။ မိမိနဲ့သင့်လျော်တဲ့ စစ်ပညာတွေ သင်ကြားခွင့်ရခြင်း၊ လေ့လာခွင့်ရခြင်းဟာ မိမိဘဝမှာ တကယ့်အားဆေးတစ်ခုပါပဲ။ သေချာပါတယ်.. သင်ဟာ ပြည်သူ့စစ်မှုထမ်းဥပဒေအရ စစ်မှုထမ်းဆောင်ပြီးရင် လက်နက်ကိုင်ဆောင်ဖူး၊ ပစ်ခတ်ဖူး၊ စစ်ပညာလေ့လာသင်ကြားဖူးပြီး ကြောက်စိတ်ကင်းတဲ့ မိမိကိုယ်မိမိ ယုံကြည်ချက်ပြည့်ဝလာတဲ့ သူတစ်ယောက်ဖြစ်လာမယ်ဆိုတာ ပြောရဲပါတယ်။ ဒီလောက်ရိုးရှင်းတဲ့အချက်ကလေးတစ်ခုကိုပဲ ရိုးသားစွာတင်ပြနေရခြင်းဟာ ကျွန်တော်တို့မိဘတွေ၊ သားသမီးတွေကြားမှာ စစ်မှုထမ်းဥပဒေနဲ့ပတ်သက်ပြီး ယနေ့ ဖြစ်ပေါ်နေတဲ့ကြောက်စိတ်တွေ လျော့ပါးသွားစေဖို့သာ ဖြစ်ပါတယ်**

ကျွန်တော်တို့ရဲ့ နိုင်ငံတော်ကြီးဟာ နိုင်ငံရေး၊ စီးပွားရေး အရေးအရာအားလုံးမှာ ရုန်းကန်နေရတာ အားလုံးအသိပါ။ ကာကွယ်ရေး၊ လုံခြုံရေးအသိအမြင်များနဲ့ တည်ငြိမ်မှုကို မနည်းထိန်းသိမ်းနေရတယ်။ တစ်ဖက်နဲ့တစ်ဖက် ရန်သူတွေကြား အတိုက်အခိုက်တွေကြားမှာ အမျိုးသားရင်ကြားစေ့ရေးကိုလည်း မနည်းကြိုးစားနေရတယ်။ နိုင်ငံရဲ့ အချုပ်အခြာ ပဲ့ပါမသွားအောင်လည်း ကာကွယ်စောင့်ရှောက်နေရတယ်။

ပြည်သူတွေ၊ တိုင်းရင်းသားတွေရဲ့ လူမှုစီးပွားဘဝတွေ ပြန်လည်တိုးတက်လာအောင် အခက်အခဲပေါင်းစုံ၊ စိန်ခေါ်မှုပေါင်းစုံကနေ ရုန်းကန်နေရတယ်၊ အရေးကြီးဆုံးက ဒီမြေ၊ ဒီရေ၊ ဒီပိုင်နက် မဆုံးရှုံးဖို့၊ နိုင်ငံတော်ကြီးမပြိုကွဲဖို့၊ ပြည်သူတွေ ငြိမ်းချမ်းအေးချမ်းဖို့နဲ့ တည်ငြိမ်အေးချမ်းမှုမှတစ်ဆင့် လူ့အဖွဲ့အစည်းအားလုံး ဖွံ့ဖြိုးတိုးတက်သာယာဝပြောဖို့က အဓိကဖြစ်နေတယ်။ ဒါကြောင့် သောင်းကျန်းသူကင်းမှ ဆင်းရဲခြင်းကင်းမယ်ဆိုတဲ့အတိုင်း ဦးတည်ချက်က ဘယ်တော့မှ ပျောက်ပျက်မသွားပါဘူး။

## သမိုင်းပေးတာဝန်အရပြင်ဆင်ရတော့မည်

ဒီတာဝန်အားလုံးကို သမိုင်းပေးအခြေအနေအရ တာဝန်အရ အဓိကထမ်းဆောင်ရတဲ့ အင်စတီကျူးရှင်းက တပ်မတော်ပါ။ အသက်တွေပေးပြီး ပေးဆပ်မှုများစွာနဲ့ ကျေကျေပွန်ပွန်နဲ့ ထမ်းဆောင်နေကြဆဲပါ။ တပ်မတော်သားတွေဟာ ခေတ်အဆက်ဆက် တာဝန်ကျေခဲ့ကြပါတယ်။ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မနားခဲ့ကြဘူး။ နယ်စွန်နယ်ဖျားမကျန် ဆေးကုသမှု၊ ရေဘေးလေဘေး သဘာဝဘေးပေါင်းစုံမှာ ကျရာအရပ်သွား ဒုက္ခရောက်နေတဲ့ တိုင်းရင်းသားတွေရဲ့ စားရေးသောက်ရေး၊ စားရေရိက္ခာအတွက် ကူညီပါဝင်ခဲ့ကြတယ်၊ ပြည်သူ့အတွက်ဘဝတွေပေး အချိန်တွေပေးခဲ့ကြတယ်။

ဒါတွေပြောနေရတာက ကျေးဇူးတင်ထိုက်သူတွေကို ကျေးဇူးတင်မိလို့ပါ။ နိုင်ငံက ဘက်စုံတိုးတက်ဖို့ဆိုရင် လုံခြုံမှုရှိမှ၊ တည်ငြိမ်မှုရှိမှ မိမိတို့စားဝတ်နေရေး သင့်တင့်မျှတဖို့၊ ကောင်းကောင်းအိပ်ရဖို့၊ ကောင်းကောင်းလုပ်ကိုင်စားသောက်နိုင်ဖို့၊ မိမိတို့ရင်သွေးလေးတွေ ပညာသင်နိုင်ဖို့က မိမိတို့ရပ်ရွာလုံခြုံရေးက အရေးကြီးလာပြီ။ ဒီအချက်ကို စဉ်းစားရတော့မယ်။ ယနေ့ခေတ်အခြေအနေနဲ့ တောင်းဆိုချက်အရ တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တစ်ခုတည်းနဲ့ မလုံလောက်တော့တဲ့အခြေအနေဖြစ်လာပြီ။

တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က နေရာအနှံ့ စစ်တိုက်နေရတာ၊ ရေရှည်အတွက်စဉ်းစားရင် ပြည်သူပါ ပါဝင်ဖို့လိုလာပါပြီ။ ပြည်တွင်းတင်မက ပြည်ပနိုင်ငံတကာရေးရာမှာလည်း စစ်မီးကတောက်မယ့်မီးခဲတရဲရဲ၊ ဘယ်နေရာကြည့်ကြည့် ငြိမ်းချမ်းတဲ့နေရာက ခပ်ရှားရှား၊ အနည်းဆုံး တို့ပြည်သူတွေ ကိုယ့်ကိုယ်ကိုယ် ခုခံနိုင်ဖို့၊ ကာကွယ်တတ်ဖို့လိုလာပြီ၊ ခေတ်ကြီးကိုက ကမ္ဘာမီးလောင်သားကောင်ချနင်းတဲ့ခေတ်၊ မိတ်ဆွေစစ် ရှားတဲ့ကာလ၊ ကိုယ့်လူမျိုး အချင်းချင်းတောင် စော်ကားရန်ပြုရဲနေတာ၊ ကျေးဇူးတင်ရမှန်းမသိ ကျေးဇူးကန်းမိစ္ဆာတွေကြားမှာ ဘယ်လိုရပ်တည်မလဲ၊ အားလုံးပြင်ဆင်ထားဖို့ လိုပါပြီ။

**❝ အမှန်တကယ် စစ်မှုထမ်းဖြစ်ခဲ့ရင် ရလာနိုင်တဲ့ အကျိုးကျေးဇူးတစ်ခုကို ဖွင့်ဟလိုပါတယ်။ ပြောင်းလဲလာနိုင်တဲ့ စစ်ဘက်-အရပ်ဘက်ဆက်ဆံရေးကြောင့် မူလက တပ်မတော်နဲ့ တပ်မတော်သားတွေအပေါ် မြင်နေတဲ့ အမြင်တွေ ခံယူချက်တွေဟာ ပြောင်းပြန်ဖြစ်သွားနိုင်ပါတယ်လို့ ယူဆပါတယ်။ ယခင်က အဖွဲ့အစည်းနဲ့လူတွေအပေါ် မလိုမုန်းထားမှုတွေ မှုန်ဝါးနေတဲ့အမြင်တွေဟာ အပြန်အလှန်ခံစားပေးမှု၊ နားလည်ပေးမှုတွေကတစ်ဆင့် လျော့ပါးကြည်လင်သွားနိုင်ပါတယ်။ ယခင်က တပ်မတော်သားကို ကောင်းကောင်းမမြင်ဖူးခဲ့၊ မကြုံဖူးခဲ့သူတွေ အများကြီးရှိပါတယ်။ တကယ်တမ်း ဆက်ဆံကြည့်တဲ့အခါ သူတို့အပေါ် ယခင်ကရှိခဲ့တဲ့ ကြောက်စိတ်ဟာ ရှိတော့မှာမဟုတ်တဲ့အပြင် စစ်ဘက် အရပ်ဘက်ဆက်ဆံရေးလည်း ပြန်လည်ကောင်းမွန်လာမှာဖြစ်တယ်လို့ ယုံကြည်ပါတယ် ❞**

## ကြောက်စိတ်မရှိဖို့ပါ

ပြောချင်တာက စစ်မှုထမ်းရမှာမကြောက်ဖို့၊ ပြည်သူ့စစ်မှုထမ်းဥပဒေကြီးကို စိုးရိမ်မကဲဖို့ ပြောချင်တာ။ ကြောက်ရမှာက ကိုယ့်အိမ်၊ ကိုယ့်ရွာ၊ ကိုယ့်မြို့ အကြမ်းဖက်များရဲ့ မီးရှို့ဖျက်ဆီးခံရမယ့်အခြေအနေ၊ မိမိနဲ့မိမိမိသားစု သတ်ဖြတ်ခံရမယ့်အန္တရာယ်ကြီးကြုံခါမှ ဘာစစ်ပညာမှမတတ်၊ ဘယ်လက်နက်မှမကိုင်တတ်ခြင်းကသာ ရှက်စရာ၊ ကြောက်စရာဖြစ်ပါတယ်။ မတော်တဆ အန္တရာယ်ရန်စွယ်ကြုံရရင်တောင်၊ ကိုယ့်ဆီ လက်နက်ရှိနေရင်တောင် ဘာမှမလုပ်တတ်၊ မကိုင်တတ် သူများခါးအောက် လည်စင်းပေးရမယ့်အဖြစ်ကသာ ကြောက်စရာဖြစ်ပါတယ်။

ယနေ့တပ်မတော်သားတွေ ကိုင်တွယ်ပစ်ခတ်နေတဲ့ လက်နက်ငယ် စတဲ့လက်နက်ပေါင်းစုံ ပစ်တတ်ခတ်တတ်ခြင်းဟာ အလွန်ဂုဏ်ယူစရာကောင်းပါတယ်။ မိမိနဲ့သင့်လျော်တဲ့ စစ်ပညာတွေ သင်ကြားခွင့်ရခြင်း၊ လေ့လာခွင့်ရခြင်းဟာ မိမိဘဝမှာ တကယ့်အားဆေးတစ်ခုပါပဲ။ သေချာပါတယ်.. သင်ဟာ ပြည်သူ့စစ်မှုထမ်းဥပဒေအရ စစ်မှုထမ်းဆောင်ပြီးရင် လက်နက်ကိုင်ဆောင်ဖူး၊ ပစ်ခတ်ဖူး၊ စစ်ပညာလေ့လာသင်ကြားဖူးပြီး ကြောက်စိတ်ကင်းတဲ့ မိမိကိုယ်မိမိ ယုံကြည်ချက်ပြည့်ဝလာတဲ့ သူတစ်ယောက်ဖြစ်လာမယ်ဆိုတာ ပြောရဲပါတယ်။ ဒီလောက်ရိုးရှင်းတဲ့ အချက်ကလေးတစ်ခုကိုပဲ ရိုးသားစွာတင်ပြနေရခြင်းဟာ ကျွန်တော်တို့မိဘတွေ၊ သားသမီးတွေကြားမှာ စစ်မှုထမ်းဥပဒေနဲ့ပတ်သက်ပြီး ယနေ့ဖြစ်ပေါ်နေတဲ့ ကြောက်စိတ်တွေ လျော့ပါးသွားစေဖို့သာဖြစ်ပါတယ်။

## နည်းမှန်လမ်းမှန်နဲ့ရင်ဆိုင်ဖြေရှင်းဖို့ပဲ ကြိုးစားပါ

ဘယ်အရာမဆို ဆန်းသစ်ဆောင်ရွက်မှုအသစ်တိုင်းမှာ အခက်အခဲပြဿနာတွေ စိန်ခေါ်မှုတွေရှိလာမယ်ဆိုတာ ကြိုတွက်ပြီးဖြစ်ကြမှာပါ။ ကောလာဟလပေါင်းစုံလည်း တစ်ခုအပါအဝင်ပေါ့။ အထူးသဖြင့် ယခုလိုအခြေအနေနဲ့ ယခုလိုကာလမှာ ဒီလိုထုတ်ပြန်ချက်မျိုး ထုတ်ပြန်ခြင်းဟာ စဉ်းစားစရာအများကြီးရှိပါတယ်။ အကြောင်းရှိလို့ အကြောင်းတရားတွေပေါင်းစုံညီညွတ်ပြီး ထွက်ပေါ်လာတဲ့ အကျိုးတရားတွေပဲဖြစ်မှာပါ။ ယခုလို ထုတ်ပြန်ပြီးမှ ခါတော်မီပေါ်လာတဲ့ ပေါ်တာဆွဲဇာတ်လမ်းတွေ၊ အကြောက်တရားနဲ့ ဖြန့်ဝေတဲ့ ကောလာဟလတွေဟာ ဉာဏ်ရည်နိမ့်ပါးသူတွေအတွက်တော့ သူ့ဇာတ်နဲ့သူ့အထာ အံဝင်ခွင်ကျဖြစ်နေတာ တွေ့ရပါလိမ့်မယ်။

နိုင်ငံတော်အတွက်တော့ ဖြစ်နိုင်စရာတွေအားလုံး အစီအစဉ်တကျစီမံပြီးဖြစ်နေပါလိမ့်မယ်။ တစ်လ ပြည်သူ့စစ်မှုထမ်းအသစ်လူဦးရေ ၆၀၀၀ နှုန်းနဲ့ လစဉ်သင်တန်းများအတွက် တွက်ချက်ထားခြင်းက အမှန်တကယ် မြေပြင်မှာ စစ်မှုထမ်းဆောင်မယ့် မျိုးချစ်ပြည်သူတွေ အရန်သင့်ရှိပြီးဖြစ်တယ်ဆိုတာ ယုံကြည်ချက်ရှိပြီးဖြစ်နိုင်လို့ပါပဲ။ ဒါ့ကြောင့် ကျွန်တော်တို့မိဘပြည်သူတွေ သားသမီးတွေက မလိုအပ်ဘဲ စိုးရိမ်သောကမများဖို့၊ မကြောက်ကြဖို့ တင်ပြလိုပါတယ်။ ကြောက်စိတ်ဆိုတာ စိုးရိမ်ခြင်း၊ အတွေးလွန်ကဲခြင်းက လာပါတယ်။

ဒါကြောင့် မလိုအပ်တဲ့အတွေးတွေကို ဆင်ခြင်ပညာသိနဲ့ ဖယ်ရှားနိုင်စွမ်းရှိရပါမယ်။ မိမိအတွက် အခက်အခဲပြဿနာပေါင်းစုံဆိုတာ အချိန်မရွေးတွေ့ကြုံရစမြဲပါ။ ဘဝမှာ တစ်ခုမဟုတ်တစ်ခုပါပဲ။ ကျွန်တော့်အတွက်တော့ အခက်အခဲပြဿနာတစ်ရပ်ကြုံရင် ထိုပြဿနာအပေါ် ညည်းတွား ညည်းညူမနေဘဲ ရင်ဆိုင်ဖြေရှင်းလိုက်တာပါပဲ။ နည်းလမ်းတော့ ရှာရမှာပေါ့။ ဒီအလုပ်ကို ယခုမလုပ်လည်း နောင်လုပ်ရမှာပဲလို့တွေးပါ။ ပြဿနာကို ကြာရှည်ပိုက်ထားရင် ကြာလေဆိုးလေ၊ ပိုကြီးထွားလေဖြစ်တတ်တဲ့အတွက် နည်းမှန်လမ်းမှန်နဲ့ စနစ်တကျဖြေရှင်းလိုက်ရင် မဖြေရှင်းခင်က အကြီးကြီးလို့ ထင်ထားတဲ့ပြဿနာဟာ တကယ်တော့ ဘာမှမဟုတ်ဘူးဆိုတာ ဖြစ်သွားပါတယ်။ ဒါကြောင့် တင်ပြလိုတာက ပြဿနာတွေ၊ အခက်အခဲတွေကို မကြောက်ပါနဲ့၊ ကိုယ်တိုင်ဖြေရှင်းရမယ့်တာဝန်အဖြစ် ခံယူပြီး သတ္တိရှိရှိနဲ့ဆောင်ရွက်သွားဖို့သာ အပြုသဘောအကြံပြုလိုပါတယ်။

## အကျိုးတရားတွေ အရှည်မြင်တတ်ရန်လိုပါသည်

အမှန်တကယ် စစ်မှုထမ်းဖြစ်ခဲ့ရင် ရလာနိုင်တဲ့အကျိုးကျေးဇူးတစ်ခုကို ဖွင့်ဟလိုပါတယ်။ ပြောင်းလဲလာနိုင်တဲ့ စစ်ဘက် – အရပ်ဘက်ဆက်ဆံရေးကြောင့် မူလက တပ်မတော်နဲ့ တပ်မတော်သားတွေအပေါ် မြင်နေတဲ့အမြင်တွေ ခံယူချက်တွေဟာ ပြောင်းပြန်ဖြစ်သွားနိုင်ပါတယ်လို့ ယူဆပါတယ်။ ယခင်က အဖွဲ့အစည်းနဲ့လူတွေအပေါ် မလိုမုန်းထားမှုတွေ မှုန်ဝါးနေတဲ့အမြင်တွေဟာ အပြန်အလှန်ခံစားပေးမှု၊ နားလည်ပေးမှုတွေကတစ်ဆင့် လျော့ပါးကြည်လင်သွားနိုင်ပါတယ်။ ယခင်က တပ်မတော်သားကို ကောင်းကောင်းမမြင်ဖူးခဲ့၊ မကြုံဖူးခဲ့သူတွေ အများကြီးရှိပါတယ်။ တကယ်တမ်း ဆက်ဆံကြည့်တဲ့အခါ သူတို့အပေါ် ယခင်ကရှိခဲ့တဲ့ ကြောက်စိတ်ဟာ ရှိတော့မှာမဟုတ်တဲ့အပြင် စစ်ဘက် အရပ်ဘက်ဆက်ဆံရေးလည်း ပြန်လည်ကောင်းမွန်လာမှာဖြစ်တယ်လို့ ယုံကြည်ပါတယ်။

အားသာချက်ချည်းလည်းမဟုတ် အားနည်းချက်တွေလည်း ရှိကြောင်း တွေ့လာရမှာပါပဲ။ ဒါကြောင့် သူများစကားမှာ လမ်းမဆုံးဘဲ ကိုယ်တိုင်လုပ်ကြည့်မှ သိရမယ့်အရာတွေဟာ မိမိတို့ဘဝမှာ အများကြီးရှိတယ်လို့သာ တင်ပြချင်တယ်။ ဘယ်တော့မှ သူများစကားမှာ မချင့်ချိန်၊ အယုံမလွယ်ဘဲ ကိုယ်တိုင်သိ၊ ကိုယ်တိုင်လုပ်ပြီးမှ ကိုယ်တိုင်ယုံကြည်လက်ခံလာအောင် ကြိုးစားသင့်ပါတယ်၊ အမြင်လည်း ကြည်လာမှ ယုံကြည်ချက်၊ ခံယူချက်များ ခိုင်မာလာမှာ ဖြစ်လို့ပါပဲ။

နောက်တစ်ချက် အကြောက်တရားတစ်ခုက စစ်သားဖြစ်ရင် သေဘေးနဲ့နီးမှာ၊ ဒဏ်ရာရ ကိုယ်အင်္ဂါချို့တဲ့နိုင်တာ၊ ပင်ပန်းဆင်းရဲမှာ၊ ဒါတွေလည်း ကြည့်မယ်ဆို လက်ရှိတာဝန်နဲ့အတူ ယှဉ်တွဲလာတဲ့ အရှိတရားတွေပါပဲ။ စစ်ပွဲတွေမှာ ပန်းနဲ့ပေါက်ပြီးတိုက်တဲ့ စစ်ပွဲဆိုတာ မရှိပါဘူး။ သေချာဆန်းစစ်ရင် လက်ရှိ အရာရှိစစ်သည်တွေက ယခုလို ဘေးအန္တရာယ်တွေကို သိရှိပြီးမှ မျိုးချစ်စိတ်တစ်ခုတည်းနဲ့ တပ်မတော်ထဲ ဝင်ခဲ့ကြသူတွေပါ။ မသေလို့ ကျန်ခဲ့တဲ့ စစ်မှုထမ်းဟောင်းတွေလည်း အများကြီးရှိပါတယ်။ တစ်သက်မှာတစ်ခါပဲ သေရမယ့်ဘဝမှာ မြတ်သောသေခြင်းနဲ့သာသေမယ်။

*စာမျက်နှာ ၇ သို့*

## ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား သွားရောက်တွေ့ဆုံ



နေပြည်တော် မတ် ၁၅

**ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့်တာဝန်ရှိသူများက အုတ်တွင်းမြို့ရှိ နယ်မြေခံသင်တန်းကျောင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။**

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က အမှာစကားပြောကြားသည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကား ပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား အဆိုပါသင်တန်းကျောင်း စားရိပ်သာ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင် မှော်ဘီမြို့ပေါ်ရှိ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းများနှင့် ဘိုးဘွားများစောင့်ရှောက်ရေးဂေဟာ(မှော်ဘီ)တို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၅**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင် မှော်ဘီမြို့ပေါ်ရှိ မှော်ဘီမြို့မ ရဲစခန်းအချုပ်ခန်း၊ မှော်ဘီခရိုင် တရားရုံးအချုပ်ခန်း၊ မှော်ဘီမြို့နယ် တရားရုံးအချုပ်ခန်းနှင့် ဘိုးဘွားများ စောင့်ရှောက်ရေးဂေဟာ(မှော်ဘီ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် မှော်ဘီမြို့ရှိ ရဲစခန်းအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းတို့ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ်(ယာယီ)ရီမန်ကာလအခြေအနေ၊ အမှုစစ်ဆေးစဉ် ကာလအတွင်း ညှင်းပန်းနှိပ်စက်ခံရမှု ရှိမရှိ၊ မိသားစုနှင့် တွေ့ဆုံနိုင်မှုအခြေအနေ၊ တရားရုံးတွင် အမှုရင်ဆိုင်ရန် ရုံးထုတ်ချိန်အတွင်း စားသောက်ရမှုအခြေအနေ၊ အချုပ်ခန်းအတွင်း



မီးလွှာသုံးစွဲမှုနှင့် အချုပ်ခန်းများအတွင်း သန့်ရှင်းမှု ရှိ မရှိ၊ အကျိုးဆောင်ရှေ့နေနှင့် တွေ့ဆုံခွင့်ရရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် မှော်ဘီမြို့ရှိဘိုးဘွားများ စောင့်ရှောက်ရေးဂေဟာ၌ လက်ခံစောင့်ရှောက်ပေးလျက်ရှိသောဘိုးဘွားများအား အိပ်ဆောင်များတွင် သွားရောက်တွေ့ဆုံပြီး ဘိုးဘွားများကို ကျန်းမာရေး စောင့်ရှောက်ပေးနေမှု အခြေအနေ၊ အစားအစာနှင့် အာဟာရဖြည့်ဆည်းကျွေးမွေးမှု အခြေအနေ၊ သန့်ရှင်းသောသောက်ရေနှင့် သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှုအခြေအနေ၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်မှု အခြေအနေ၊ ဘိုးဘွားအိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖိုဆောင်များ၊ ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဘိုးဘွားများ အနားယူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ အကြံပြုပေးပို့သွားမည်ဖြစ်သည်။

**သတင်းစဉ်**

## မုံရွာမြို့နယ် သက္ကယ်ကျင်းကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် သက္ကယ်ကျင်းကျေးရွာကို




မတ် ၁၄ ရက်က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က ပြည်သူများအထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ သက္ကယ်ကျင်းကျေးရွာအနီးတစ်ဝိုက်တွင် PDF အမည်ခံ အကြမ်းဖက်သမားများ ဝင်ရောက် လှုပ်ရှားလျက်ရှိပြီး ဒေသခံပြည်သူများထံမှ ငွေကြေးတောင်းခံခြင်း၊ အတင်းအဓမ္မ လူသစ်စုဆောင်းခြင်းနှင့် ခြိမ်းခြောက် အကျပ်ကိုင်ခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း အကြမ်းဖက်လုပ်ရပ်များကို လက်ခံခြင်းမရှိသည့် ဒေသခံပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက မတ် ၁၄ ရက်တွင် နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ သက္ကယ်ကျင်းကျေးရွာအနီးဝန်းကျင်တွင် PDF အမည်ခံအကြမ်းဖက်သမားများ၏ ယာယီတဲ နှစ်လုံး၊ လက်လုပ်သေနတ် နှစ်လက်နှင့် ဖောက်ခွဲရေးပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေး ဆောင်ရွက်နေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ရာ သက္ကယ်ကျင်းကျေးရွာအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး နေအိမ်များ မီးလောင်ပျက်စီးခဲ့ရခြင်းဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာ ကျဆင်းစေရန်နှင့် ပြည်သူများမှ အထင်အမြင်လွဲမှားစေရန် သတင်းတု၊ သတင်းအမှားများကို တစ်ဖက်သတ် စွပ်စွဲရေးသားကာ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ဝါဒဖြန့်ဝေ နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

**တို့နိုင်ငံ၊ တို့ပြည်သူ၊ တို့ဘာသာသာသနာကို ကာကွယ်ရင်း သူ့ရဲကောင်းပီသစွာ အသက်စွန့်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ တပ်ထဲဝင်ခဲ့ကြသူတွေပါ။ ဒါကြောင့် စစ်မှုထမ်းတိုင်းလည်း မသေပါဘူးဆိုတာ တင်ပြရင်းနဲ့ ယောက်ျားပီပီသသနဲ့ အရွယ်ကောင်းတုန်း၊ ကျန်းမာတုန်း နိုင်ငံ့တာဝန်ထမ်းကြဖို့သာ တိုက်တွန်းလိုပါတယ်။**

### အမျိုးသမီးစစ်မှုထမ်းတွေအတွက် သင့်တော်သည့်ကဏ္ဍများရှိသည်

ယနေ့ခေတ်စစ်ပွဲတွေဟာ လူသားအရင်းအမြစ်၊ စီးပွားရေးအရင်းအမြစ် စတဲ့အရင်းအမြစ်တွေအပေါ်မှာ အများကြီးတည်မှီလာပါပြီ။ အထူးသဖြင့်လူသားအရင်းအမြစ်ပါ။ ယောက်ျား၊ မိန်းမ မဟူ တန်းတူယှဉ်နေတဲ့ခေတ်ကြီးမှာ မိန်းမတွေကို အားနွဲ့တဲ့ ထိခိုက်လွယ်အုပ်စုထဲ ထည့်သွင်းထားခြင်းဟာ သူတို့အပေါ် ချိုးနှိမ်ရာကျတယ်လို့ မြင်ပါတယ်။ မြန်မာအပါအဝင် ယနေ့ခေတ်တပ်မတော်များမှာ အမျိုးသမီးစစ်သည်များအနေနဲ့ ကြည်း၊ ရေ၊ လေ တိုက်ပွဲဝင်တပ်ဖွဲ့အသီးသီးမှာ ယောကျ်ားတွေနဲ့ ရင်ပေါင်တန်း ပါဝင်ထမ်းရွက်နေကြပါပြီ။ ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်သန်းခေါင်စာရင်းအရလည်း မြန်မာနိုင်ငံ ခန့်မှန်းလူဦးရေ ၅၅ သန်းမှာ အမျိုးသမီးက ၂၈ ဒသမ ၇ သန်း၊ အမျိုးသားက ၂၆ ဒသမ ၃ သန်းနဲ့ အမျိုးသမီးဦးရေက အမျိုးသားဦးရေထက် ပိုများတာတွေ့ရတယ်။ နောက်ပိုင်းအခြေအနေတွေအရလည်း အမျိုးသားဦးရေက ယခုဂဏန်းထက် ပိုနည်းပါးနိုင်ခြေလည်းရှိမယ်။ ဘယ်လိုဖြစ်ဖြစ်ပါ။

**အမျိုးသမီးလူသားအရင်းအမြစ်ကို တပ်မတော်မှာ သူ့နေရာနဲ့သူ ကျွမ်းကျင်မှုကဏ္ဍအလိုက် ထိထိရောက်ရောက် အသုံးချနိုင်ရင် သင့်တော်မယ်ထင်ပါတယ်။ ဥပမာ– ဆေးတပ်ဖွဲ့၊ ဆက်သွယ်ရေး၊ တပ်ထိန်း၊ ပြန်ကြားရေးနဲ့ဖြေဖျော်ရေးလို ကဏ္ဍတွေကို ဆိုလိုပါတယ်။ လက်ရှိအခြေအနေမှာ အမျိုးသမီးတွေကို စစ်မှုထမ်းခွင့်ပေးမထားရင်တောင် ဖော်လံတီယာတောင်းဆိုချက်တွေရှိလာရင် သီးခြားစဉ်းစားပေးနိုင်ဖို့လည်း အကြံပြုလိုပါတယ်။**

တကယ်တမ်း နိုင်ငံနဲ့ ပြည်သူအတွက် အရေးကြုံလာရင် အားကိုးရန်က တပ်မတော်ပဲရှိပါတယ်။ ပြည်သူတွေရဲ့အသက်ကို ကာကွယ်စောင့်ရှောက်ရမယ့်တာဝန်ကလည်း တပ်မတော်မှာပဲရှိပါတယ်။ သို့သော် ပိုပြီးလုံခြုံသွားအောင်၊ ပိုပြီးကာကွယ်နိုင်အောင်အတွက် တပ်မတော်နဲ့ပြည်သူ အပြန်အလှန်စေတနာထားကြဖို့လိုအပ်လာပါပြီ။ လက်ရှိအခြေအနေမှာ တပ်မတော်ရဲ့အင်အား ချည့်နဲ့သွားလို့ မဖြစ်ပါဘူး။ ပြည်သူရဲ့အားဟာ တပ်မတော်အတွက် အားဆေးတစ်ခွက်ဖြစ်သလို တပ်မတော်သားတွေရဲ့ အသက်ခန္ဓာဟာလည်း ပြည်သူ့အတွက်ပဲ ဖြစ်ပါတယ်။ ဒီအချက်က တပ်မတော်ရဲ့ အလွန်ခိုင်မာတဲ့ခံယူချက်ဖြစ်ပါတယ်။

> ◆ **အမျိုးသမီးလူသားအရင်းအမြစ်ကို တပ်မတော်မှာ သူ့နေရာနဲ့သူ ကျွမ်းကျင်မှုကဏ္ဍအလိုက် ထိထိရောက်ရောက် အသုံးချနိုင်ရင် သင့်တော်မယ်ထင်ပါတယ်။ ဥပမာ - ဆေးတပ်ဖွဲ့၊ ဆက်သွယ်ရေး၊ တပ်ထိန်း၊ ပြန်ကြားရေးနဲ့ဖြေဖျော်ရေးလို ကဏ္ဍတွေကို ဆိုလိုပါတယ်။ လက်ရှိအခြေအနေမှာ အမျိုးသမီးတွေကို စစ်မှုထမ်းခွင့်ပေးမထားရင်တောင် ဖော်လံတီယာတောင်းဆိုချက်တွေရှိလာရင် သီးခြားစဉ်းစားပေးနိုင်ဖို့လည်း အကြံပြုလိုပါတယ်**

ပြည်သူတွေရဲ့အားနဲ့ တည်ဆောက်ထားတဲ့ တပ်မတော်ရှိနေသရွေ့ တိုင်းပြည်လည်း အင်အားတောင့်တင်းနေပါမယ်။ နိုင်ငံမလုံခြုံရင် ငါတို့လည်းမလုံခြုံဟု လုံခြုံရေးအမြင်ရှိနေတဲ့ ပြည်သူတွေရှိနေတဲ့ တိုင်းပြည်ရဲ့ ကာကွယ်ရေးအင်အားဟာ ဘယ်တော့မှ ဆုတ်ယုတ်နိုင်ဖွယ်ရာ မရှိပါဘူး။ ယခုအတည်ဖြစ်ခဲ့တဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေက နိုင်ငံနဲ့ ပြည်သူကို ကာကွယ်ဖို့ရန် အဓိကဖြစ်ပြီး စစ်ကိုမုန်းလွန်းလို့ ထုတ်ပြန်ခဲ့ခြင်းသာ ဖြစ်ပါတယ်။ နောက်ထပ်နောက်ထပ် စစ်ပွဲတွေ ထပ်မဖြစ်အောင်နဲ့ စစ်ဖြစ်ချင်သူတွေက ဖန်တီးလာမယ့်စစ်ကို ဟန့်တားနိုင်ဖို့သာ ရည်ရွယ်ထားပါတယ်။ အကယ်၍ ကျူးကျော်စစ်ဖြစ်ခဲ့ရင်လည်း ထိုပြည်သူ့ကာကွယ်ရေးအင်အားနဲ့ပဲ ကျူးကျော်သူတွေကို အနိုင်ယူဖို့ ဖြစ်ပါတယ်။ အရေးကြီးတာက ကြောက်စိတ်မရှိဖို့၊ မစိုးရိမ်ကြဖို့ပါ။ ကြောက်စိတ်ဆိုတာ အောင်မြင်မှုရဲ့ရန်သူပါပဲ။ ထို့ကြောင့် ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့အတူ ကြောက်စိတ်မှ ကင်းဝေးဖို့နဲ့ ထိတ်လန့်မှုတွေ၊ သောကတွေကနေ ဝေးကွာဖို့ ပြည်သူ့စစ်မှုထမ်းရေးမှာ နိုင်တဲ့ဘက်က ပါဝင်ကြဖို့သာ ရေးသားတင်ပြလိုက်ရပါတယ်။ ။

# နေပြည်တော်တွင် “လမ်းလျှောက်သင်္ကြန်”အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

## တိုင်းရင်းသားသင်္ကြန်၊ စတုဒိသာသင်္ကြန်၊ ဝန်ကြီးဌာနသင်္ကြန်နှင့် လူငယ်သင်္ကြန် ဇုန်လေးခု ထည့်သွင်းပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီမံဆောင်ရွက်ထားရှိ

နေပြည်တော် မတ် ၁၅

**၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာအတာ သင်္ကြန်ပွဲတော်ကာလအတွင်း နေပြည်တော်တွင် လမ်းလျှောက်သင်္ကြန် အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။**



အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးသန်းထွန်းဦး၊ နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုး၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဒုတိယ ဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးမောင်မောင်၊ ဝန်ကြီးဌာနများမှ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ Brilliant Aura Co.,Ltd မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော် လမ်းလျှောက်သင်္ကြန် ကျင်းပရေး ကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော် ကာလအတွင်း ယခင်နှစ်ကကဲ့သို့ နေပြည်တော်တွင် လမ်းလျှောက်သင်္ကြန်ကိုပါ ထည့်သွင်း ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုအရ မြန်မာနိုင်ငံ၏ မြို့တော် နေပြည်တော်တွင် နိုင်ငံတော်အဆင့် မြန်မာ့ရိုးရာ အတာသင်္ကြန် ပွဲတော်ကို ဖော်ဆောင်ရန် ဖြစ်ပါကြောင်း၊ နေပြည်တော်တွင် လမ်းလျှောက် သင်္ကြန်ကို ရိုးရာပွဲတော်တစ်ခုအဖြစ် ပြည်သူများသာမက ဝန်ထမ်းများအားလုံး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနများ အားလုံး ပေါင်းစည်းပြီး ဝန်ထမ်းများ အားလုံး စုပေါင်းပျော်ရွှင်သည့် သင်္ကြန်ပွဲတော်တစ်ခုဖြစ်အောင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် ပေါင်းစပ်ညှိနှိုင်းကာ နေပြည်တော် လမ်းလျှောက် သင်္ကြန်ကို အတတ်နိုင်ဆုံး စည်စည်ကားကား ဖြစ်အောင် ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ အထူးအစီအစဉ်အနေဖြင့် Boss and Jobs Company နှင့် ကိုရီးယား ကုမ္ပဏီများပူးပေါင်း၍ လမ်းလျှောက်သင်္ကြန်ဗဟိုမဏ္ဍပ် တွင် ကိုရီးယားနိုင်ငံမှ K-POP အဆိုရှင်များနှင့် နာမည်ကြီး အနုပညာရှင်များ ပါဝင်သီဆို ကပြ ဖျော်ဖြေမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ထင်ပေါ်ကျော်ကြား သည့် အနုပညာရှင်များကိုလည်း နေပြည်တော် လမ်းလျှောက် သင်္ကြန်တွင် ပါဝင်ဆင်နွှဲနိုင်ရန် ဖိတ်ခေါ်ထားပါကြောင်း၊ ပြည်သူ များ၊ ဝန်ထမ်းများ မြန်မာ့နှစ်သစ် ကူးကာလတွင် စိတ်ရွှင်လန်း တက်ကြွပျော်ရွှင်စေရန် စိတ်ရင်း စေတနာဖြင့် ဆောင်ရွက်ပေးခြင်း ဖြစ်ပြီး ဝန်ကြီးဌာနများအနေဖြင့် မိမိတို့ဝန်ထမ်းများ၊ ပြည်သူများ ပျော်ရွှင်စွာ ဆင်နွှဲနိုင်စေရေး ပူးပေါင်းပါဝင်ကြစေလိုပါကြောင်း ပြောကြားသည်။(**အပေါ်ပုံ**)

ထို့နောက် နေပြည်တော် လမ်းလျှောက်သင်္ကြန် ကျင်းပရေး ကော်မတီဒုတိယဥက္ကဋ္ဌ၊ မြို့တော် ဝန် ဦးသန်းထွန်းဦးက မြန်မာ့ရိုးရာ နှစ်သစ်ကူး အတာသင်္ကြန်ပွဲတော် တွင် ယခင်နှစ်မှစတင်၍ တိုင်းရင်း သားပြည်သူအားလုံး ပျော်ရွှင်စေ ရေး တီထွင်ဆန်းသစ်ပြီး နေပြည်တော် လမ်းလျှောက် သင်္ကြန်ကို ထည့်သွင်းကျင်းပခဲ့ပါ ကြောင်း၊ ယခုနှစ်တွင်လည်း နိုင်ငံတော်အဆင့်နှင့် လျော်ညီစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ် ပါကြောင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေး မှု အတာသင်္ကြန်ပွဲတော်ဖြစ်သည့် အတွက် ယဉ်ကျေးမှုနှင့်လျော်ညီ စွာ စည်းကမ်းတကျ ပျော်ပျော် ရွှင်ရွှင် ရင်းရင်းနှီးနှီး ချစ်ချစ် ခင်ခင်ဖြစ်စေရေး ထိန်းသိမ်း ဆောင်ရွက်ရန် လိုအပ်ပါ ကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော် လမ်းလျှောက်သင်္ကြန် ကျင်းပရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့် မောင်က ၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်တွင် လမ်း လျှောက်သင်္ကြန် ဆောင်ရွက်ခဲ့မှု၊ ယခုနှစ်ဆောင်ရွက်မည့် အစီအစဉ်၊ ကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်မှု၊ ဖျော်ဖြေရေး အစီအစဉ်၊ဝန်ထမ်းများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Brilliant Aura Co.,Ltd မှ ပရောဂျက်ဒါရိုက်တာ က တိုင်းရင်းသားသင်္ကြန်၊ စတု ဒိသာသင်္ကြန်၊ ဝန်ကြီးဌာနသင်္ကြန် နှင့် လူငယ်သင်္ကြန် စသည့် ဇုန် လေးခု ထည့်သွင်းကျင်းပနိုင်ရေး အပါအဝင် နေပြည်တော် လမ်းလျှောက်သင်္ကြန် စည်ကား သိုက်မြိုက်စွာ ကျင်းပနိုင်ရေး စီမံ ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လမ်းလျှောက် သင်္ကြန်အတွက် ပေါင်းစပ်ညှိနှိုင်း ရေးမှူးအဖြစ် တာဝန်ယူဆောင် ရွက်နေသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့် အောင်က ဝန်ကြီးဌာနမဏ္ဍပ်များ အား နေရာချထားရန် လျာထား ချက်၊ ရေပေးဝေမှု၊ ရေရယူမှု၊ လျှပ်စစ်မီးဖြန့်ဖြူးမှု၊ လျှပ်စစ်မီး သွယ်တန်းမှု၊ ဝင်/ထွက်ခွင့် လက်မှတ် ဆောင်ရွက်ထားရှိမှု၊ မဏ္ဍပ်များ စတင်ဆောက်လုပ်နိုင် ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။

ယင်းနောက် နေပြည်တော် ကောင်စီဝင်၊ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တက်ရောက် လာကြသူများက နေပြည်တော် လမ်းလျှောက် သင်္ကြန် ကျင်းပနိုင်ရေးအတွက် ရေရရှိရေး၊ ဖျော်ဖြေရေးဆိုင်ရာ၊ ကျန်းမာရေးပိုင်းဆိုင်ရာ၊ စည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ် များ အပါအဝင် အားလုံး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရေး ပေါင်းစပ် ဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ တင်ပြချက် များအပေါ် ပြည်ထောင်စုဝန်ကြီး နှင့် နေပြည်တော်စည်ပင်သာယာ ရေးကော်မတီ ဥက္ကဋ္ဌတို့က ဖြည့်စွက်ဆွေးနွေးကြသည်။

ဆက်လက်၍ နေပြည်တော် လမ်းလျှောက်သင်္ကြန် ကျင်းပရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့် မောင်က အစည်းအဝေးဆုံးဖြတ် ချက်များ လျာထားမှုနှင့် ပတ်သက် ၍ ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ **သတင်းစဉ်**

# လူမှုဖူလုံရေးအဖွဲ့၏ စာရေးဝန်ထမ်းများ လုပ်ငန်းခွင်ဝင်အကြိုသင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် မတ် ၁၅**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏ စာရေးဝန်ထမ်း များ လုပ်ငန်းခွင်ဝင်အကြို သင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲ အခမ်းအနား ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဖူလုံရေး အဖွဲ့(ရုံးချုပ်)၌ ကျင်းပသည်။




သင်တန်းဆင်းပွဲသို့ အလုပ် သမားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမြင့်နောင်၊ အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ နှင့် သင်တန်းသား သင်တန်းသူ များ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ပြည် ထောင်စုဝန်ကြီးက လူမှုဖူလုံရေး အဖွဲ့သည် လူမှုဖူလုံရေး အကျုံးဝင် အာမခံ အလုပ်သမားများထံမှ လူမှုဖူလုံရေး ထည့်ဝင်ကြေး ကောက်ခံပြီး အာမခံအလုပ်သမား များကို ဆေးကုသမှု၊ ဝန်ဆောင်မှု များနှင့် ငွေကြေးအကျိုးခံစားခွင့် များ ခွင့်ပြုထုတ်ပေးသည့် လူမှု ကာကွယ်စောင့်ရှောက်မှု (Social Protection) လုပ်ငန်းများ ဆောင်ရွက်နေသော အဖွဲ့အစည်း တစ်ရပ်ဖြစ်သည်နှင့်အညီ အလုပ် သမားထုနှင့် များစွာထိတွေ့ ဆက်ဆံမှုပြုလုပ်ရန် လိုအပ် ကြောင်း၊ ယခုသင်တန်းသားများ သည် နယ်မြေရုံးခွဲများ၊ ဆေးခန်း များတွင် တာဝန်ထမ်းဆောင်နေ သည့် ဝန်ထမ်းများဖြစ်သည့် အတွက် အလုပ်သမားထုနှင့် ထိတွေ့ဆက်ဆံကြရာတွင် မိမိ ဌာန၏ လုပ်ငန်းစဉ်များကို သေချာစွာ ရှင်းလင်းဆွေးနွေး နိုင်ရန်နှင့် ယဉ်ကျေးစွာ ပြုမူ ပြောဆိုဆက်ဆံတတ်ရန်၊ မိမိတို့ ဌာနအဖွဲ့အစည်း ဂုဏ်သိက္ခာကို ထိခိုက်စေမည့် အပြောအဆို၊ အပြုအမူများကို ရှောင်ကြဉ်ကြရန် လိုအပ်ကြောင်း၊ ဌာနက အားကိုး အားထားပြုထိုက်သည့် ဝန်ထမ်း ကောင်းများဖြစ်အောင် မိမိတို့ ထမ်းဆောင်ရသည့် လုပ်ငန်း တာဝန်များကို ဆောင်ရွက်ရာတွင် စိတ်စေတနာကောင်းများ ထားရှိ ပြီး လက်တွဲကြိုးပမ်း လုပ်ဆောင် ကြရန် လိုအပ်ကြောင်းပြောကြား သည်။

ယနေ့ နံနက်ပိုင်းတွင် သင်တန်းသူ သင်တန်းသားများ နှင့် ဌာနမှ တာဝန်ရှိသူများ သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော် အောင်မြင်ခဲ့ သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များ အနက် ဉာဏ်တော်အမြင့်ဆုံးဖြစ် သည့် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော် မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုခဲ့ကြကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

## နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်

နေပြည်တော် မတ် ၁၅

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင်တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# တောင်သူများကို ကော်ဖီပျိုးပင် ၂၀၀၀၀၊ ကိုကိုးပျိုးပင် ၁၀၀၀၀ နှင့် ငွေကျပ် ၁၅၅ သိန်းတန်ဖိုးရှိ သဘာဝမြေဩဇာများထောက်ပံ့

**နေပြည်တော် မတ် ၁၅**

တနင်္သာရီတိုင်းဒေသကြီး၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ ဒေသ၏လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးရန် မြိတ်မြို့၌ ရောက်ရှိနေသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့ ညနေပိုင်းတွင် နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်အဆင့် လယ်ယာ ကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်၏ စားသုံးဆီဖူလုံရေး အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ် စေမည့် ဆီအုန်းသုတေသနလုပ်ငန်းများ တိုးချဲ့ ဆောင်ရွက်ရန်၊ တနင်္သာရီတိုင်းဒေသကြီး၏ စိုက်ပျိုး ရေးကဏ္ဍဖွံ့ဖြိုး တိုးတက်စေရန်၊ ရော်ဘာနှင့် အခြား နှစ်ရှည်ပင် ဥယျာဉ်ခြံသီးနှံများနှင့် ရာသီသီးနှံများ အတွက် လိုအပ်သော သုတေသနလုပ်ငန်းများ ဆက်စပ်ဆောင်ရွက်သွားရန် ကိစ္စရပ်များကို ဆွေးနွေးသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ဆီအုန်းနှင့် ရော်ဘာပင်တွင် ကျရောက်သော ပိုးမွှားရောဂါနှင့် အခြားဖျက်ဆီးတတ်သော သတ္တဝါများ ကာကွယ် နှိမ်နင်းရေးအတွက် နည်းပညာပေးရန်၊ ဓာတ်မြေ ဩဇာနှုန်းထား အမျိုးမျိုးတို့ကို သုတေသနပြု၍ ဆီသီးခိုင်အထွက် အကောင်းဆုံး ရရှိစေရေးအတွက် ဆီအုန်းစိုက်ခင်းများတွင် ထည့်သွင်းသင့်သော မြေဩဇာနှုန်းထားများ ထောက်ပံ့ပေးရန်၊ ဆီအုန်း နှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု နည်းပညာပြန့်ပွား ရေးအတွက် တောင်သူများ လက်တွေ့အသုံးချနိုင် မည့် နည်းပညာသင်တန်းနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ ရေ မြေဒေသနှင့် ကိုက်ညီသော အထွက်ကောင်းမျိုးကောင်းမျိုးသန့်များ အသုံးပြု စိုက်ပျိုးရေး၊ လိုအပ်သော သွင်းအားစုများ အချိန်မီ



အချိုးအစားမှန်ကန်စွာ ထည့်သွင်းနိုင်ရေး အပါအဝင် မျိုး၊ မြေ၊ ရေ၊ နည်းပညာ လိုအပ်ချက်များ ပံ့ပိုးကူညီ ဆောင်ရွက်ပေးရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဥယျာဉ်ခြံရှင် တောင်သူများကို အမယ်သစ် သီးနှံ ကော်ဖီပျိုးပင် ၂၀၀၀၀ **(အပေါ်ပုံ)**၊ ကိုကိုးပျိုးပင် ၁၀၀၀၀နှင့် စုစုပေါင်း ငွေကျပ် ၁၅၅ သိန်းတန်ဖိုးရှိ သဘာဝ မြေဩဇာများ ထောက်ပံ့ပေးအပ်သည်။

နှစ်ရှည် သီးနှံများအကြား ကိုကိုးနှင့် ကော်ဖီ သီးနှံကို ကြားသီးနှံအဖြစ် စိုက်ပျိုးခြင်းဖြင့် တောင်သူ များ အပိုဝင်ငွေ ရရှိနိုင်ကြစေရန်နှင့် မြေလွတ်၊ မြေလပ်မကျန် စိုက်ပျိုးနိုင်ခြင်းကြောင့် မြေအသုံးချမှု ပိုမိုတိုးတက်လာပြီး သီးနှံစိုက်စွမ်းအားများ တိုးတက် လာနိုင်စေရန် ရည်ရွယ်၍ ယခုကဲ့သို့ အမယ်သစ် သီးနှံပျိုးပင်များ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရ သည်။

တနင်္သာရီတိုင်းဒေသကြီး၏ ဆီအုန်းစိုက်ပျိုး ထုတ်လုပ်မှုမှာ ယခုနှစ် ဖေဖော်ဝါရီလကုန်အထိ စာရင်းများအရ ဆီအုန်းစိုက်ဧရိယာ ၃၉၅၇၂ ဧကရှိ ပြီး အသီးခူးယူနိုင်မှု ၁၈၃၈၂ ဧကရှိကြောင်း၊ ဆီသီး ခိုင်စုစုပေါင်း ၈၆၁၅၄၄ တန် ထွက်ရှိခဲ့သဖြင့် ဒေသ တွင်းနိုင်ငံများကဲ့သို့ တစ်ဧက ဆီသီးခိုင် အထွက်နှုန်း မြင့်မားလာစေရေးနှင့် ရော်ဘာနှင့်အခြားနှစ်ရှည်ပင် ဥယျာဉ်ခြံသီးနှံများ၊ ရာသီသီးနှံများ၏ စိုက်ပျိုး ထုတ်လုပ်မှု မြင့်တင်နိုင်ရေးအတွက် သုသေတန လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ် ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် OK ရတနာ အဆင့်မြင့်ဆန်စက်အတွင်း ဒေသထွက်စပါး များ ဝယ်ယူစုပုံထားရှိမှု၊ အခြောက်ခံမှု၊ ကြိတ်ခွဲ သန့်စင်ခြင်းနှင့် ဖြန့်ဖြူးရောင်းချရန် ဆောင်ရွက်နေ မှု၊ စပါးခွံအသုံးပြု၍ တစ်နေ့လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၆၀၀ ထုတ်လုပ်ပြီး ဆန်စက်လည်ပတ် အသုံးပြုနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့အတူ မြိတ်မြို့ ရှမ်းချောင်းကျေးရွာရှိ ဖိုးလမင်းရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်နှင့် ဖိုးလမင်း ရော်ဘာစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက် မှိုင်းခံရော်ဘာ ထုတ်လုပ်ရေးစက်ရုံ၌ ရော်ဘာ နေလှန်းပြား ကုန်ကြမ်းဝယ်ယူပြီး ကုန်ချောအဆင့် ဆင့် ထုတ်လုပ်ဆောင်ရွက်နေမှုများကို သွားရောက် ကြည့်ရှုအားပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြိတ်မြို့ Grand Jade Hotel ခန်းမ၌ ကျင်းပပြု လုပ်သည့် ဆီအုန်းစိုက်ဧရိယာများ တစ်ဧကေ အထွက်နှုန်း တိုးတက်ရေးနှင့် သီးနှံအရည်အသွေး များ တိုးတက်စေရေး ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ပြီး ရော်ဘာနှင့် ဆီအုန်းစိုက်ပျိုးရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ ဆီအုန်းတစ်ဧကေ အထွက်နှုန်း တိုးတက်မြင့်မားရေးအတွက် အသီးခူး ဧရိယာ အပြည့်အဝ အသီးခူးနိုင်ရေး၊ ကုန်ထုတ် လုပ်ငန်းများ အပြည့်အဝဆောင်ရွက်ရေး၊ ထိန်းသိမ်း ခြင်းလုပ်ငန်းများ စံချိန်မီဆောင်ရွက်ရေး၊ ခူးယူပြီး သော ဆီသီးခိုင်များ စက်ရုံသို့အချိန်မီရောက်ရှိရေး လုပ်ငန်းများကို ဆီအုန်းကုမ္ပဏီများနှင့် စည်းရုံးပညာ ပေး ဆောင်ရွက်ရန်လိုကြောင်း။

ပြည်တွင်းစားသုံးဆီ ဖူလုံပိုလျှံရေးနှင့် ပြည်ပမှ ဆီတင်သွင်းမှု လျှော့ချရေးအတွက် ဆီအုန်းစိုက်ဧကေ များ တိုးချဲ့ခြင်း၊ တစ်ဧကေ အထွက်နှုန်းတိုးတက်ရေးတို့ အတွက် ကြိုးစားဆောင်ရွက်ခြင်းတို့ကို အလေးထား လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ဆီအုန်းမှာ အနည်းဆုံး နှစ်(၃၀၊ ၄၀) ခန့် စိုက်ပျိုးရသည့် နှစ်ရှည် ပင်ဖြစ်သည့်အတွက် စိုက်ပျိုးဖြစ်ထွန်းနိုင်မှုမရှိပါ က မြေအလဟဿဆုံးရှုံးမှုမရှိစေရေး ဆက်လက် ဆောင်ရွက်ခြင်းမပြုရန် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ထားရှိမှုနှင့်စပ်လျဉ်း၍ မြိတ်မြောက်ဘက် ခြမ်း၊ ပုလောမြို့နယ် အထက်ပိုင်းရှိ သက်တမ်းလွန် ဆီအုန်းစိုက် ဧရိယာများတွင် ရော်ဘာ၊ ကိုကိုး၊ ကော်ဖီစသည့် သီးနှံများပြောင်းလဲစိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ အဆိုပါ ဒေသများ၌ ရော်ဘာ၊ ကိုကိုးစိုက်ဧရိယာများ တိုးတက်လာပြီး လုပ်ကွက်ငယ်တောင်သူများ၏ လူမှုစီးပွားဘဝ တိုးတက်လာရေး ပူးပေါင်းကြိုးပမ်းကြရန် တိုက်တွန်း ပါကြောင်း ဆွေးနွေးပြောကြားပြီး လုပ်ငန်းရှင်များ ၏ လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပေါင်းသတ်ဆေး(၅)မျိုးအပေါ် ပြန်လည်သုံးသပ်ခြင်း ညှိနှိုင်းစည်းဝေး

**နေပြည်တော် မတ် ၁၅**

ပိုးသတ်ဆေး နည်းပညာ ကော်မတီဝင်များ၏ ပေါင်းသတ် ဆေး ငါးမျိုးအပေါ် ပြန်လည် သုံးသပ်ခြင်း ညှိနှိုင်းအစည်းအဝေး ကို ယမန်နေ့နံနက်ပိုင်းက စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ ပိုးသတ် ဆေးမှတ်ပုံတင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်နှင့် ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ဝင်များ၊ ပိုးသတ် ဆေးနည်းပညာကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပိုးသတ် ဆေးမှတ်ပုံတင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သည် ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိ ပစ္စည်းများကို ပြည်တွင်းသို့ တရားဝင် တင်သွင်းဖြန့်ဖြူး ရောင်းချနိုင်ရန် မှတ်ပုံတင် လျှောက်ထားလာသည့်အခါတွင် ပိုးသတ်ဆေး ဥပဒေနှင့်အညီ သတ်မှတ်ထားသည့် လုပ်ထုံး လုပ်နည်းများအတိုင်း မှတ်ပုံတင် ခွင့်ပြုခြင်းများ ဆောင်ရွက်ပေး လျက်ရှိကြောင်း၊ ပိုးသတ်ဆေး ဥပဒေအရ လူ၊ တိရစ္ဆာန်၊ သီးနှံနှင့် သဘာဝပတ်ဝန်းကျင်တို့ကို ဘေး အန္တရာယ် မြင့်မားစေနိုင်ပြီး အဆိပ်အတောက် ပြင်းထန်သော ပိုးသတ်ဆေးများ ဖြစ်ပါက မြန်မာနိုင်ငံတွင်သုံးစွဲရန် တားမြစ် ပိတ်ပင်သည့် ပိုးသတ်ဆေး သို့မဟုတ် ကန့်သတ်သုံးစွဲသည့် ပိုးသတ်ဆေးများအဖြစ် သတ်မှတ် ခြင်းများ ဆောင်ရွက်လျက် ရှိကြောင်း။

မြန်မာနိုင်ငံ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၏ (၄၁) ကြိမ် မြောက် အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ခဲ့သည့် Rotat-ional Period လေးလနှင့်အထက် ဖြစ်နေသော Atrazine, Fomesafen, S-Metolachlor, Mesotrione နှင့် Terbuthylazine ပေါင်းသတ်ဆေး ငါးမျိုးကို မြန်မာနိုင်ငံ၌ သုံးစွဲရန် တားမြစ် ပိတ်ပင်သည့် ပိုးသတ်ဆေး (Banned Pesticide) အဖြစ် သတ်မှတ်မည် ဖြစ်ကြောင်း၊ အများပြည်သူ သိရှိနိုင်ရေး ဆောင်ရွက်ရန်နှင့် အသိပေးထား သည့် ကာလအတွင်း ပြန်လည် သုံးသပ်ခြင်း ကိစ္စရပ်များဆောင်



ရွက်ရန် ယခုအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း။

ပေါင်းသတ်ဆေး ငါးမျိုး တစ်ခုချင်းစီ၏ ကောင်းကျိုး ဆိုးကျိုးများအပေါ် လေ့လာ သုံးသပ်ပြီး စိုက်ပျိုးရေးထွက်ကုန် များ တင်ပို့သည့်အခါ မိမိတို့နိုင်ငံ ၏ စီးပွားရေး တွက်ချေကိုက်ရေး၊ ကုန်သွယ်မှု အခွင့်အလမ်း တိုးတက်လာစေရေး၊ စားသုံးသူ များ၏ ကျန်းမာရေးလုံခြုံမှုရှိရေး စသည့် ရှုထောင့်မျိုးစုံမှ သုံးသပ်ပြီး ဆွေးနွေးကြစေလိုကြောင်း ပြော ကြားသည်။**(အပေါ်ပုံ)**

ထို့နောက် ပိုးသတ်ဆေး နည်းပညာ ကော်မတီဝင်များက ပေါင်းသတ်ဆေး ငါးမျိုး၏ ကောင်းကျိုး ဆိုးကျိုးများအပေါ် လေ့လာသုံးသပ်ပြီး စိစစ်ချက် တစ်ခုချင်းကို အသေးစိတ် ဆွေးနွေးကြသည်။ ယခုအစည်း အဝေးတွင် ရရှိသည့် ဆွေးနွေး သုံးသပ်ချက်များကို နောင်ကျင်းပ မည့် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အစည်းအဝေး၌ တင်ပြ၍ အတည် ပြုချက် ရယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



မင်္ဂလာတောင်ညွန့် မြို့နယ်၌ ရူပဗေဒဘာသာနှင့် သမိုင်း ဘာသာရပ်ကို မတ် ၁၅ ရက်က ကျောင်းသား ကျောင်းသူများ ဖြေဆိုအပြီး တွေ့ရစဉ်။ (တက္ကသိုလ်ဝင် စာမေးပွဲကို ကျောင်းသား ကျောင်းသူ ၁၁၄ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။) ကျော်စိုးမိုး



အင်းတော်မြို့၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့ အဖြစ် မတ် ၁၅ ရက်တွင် ရူပဗေဒနှင့် သမိုင်းဘာသာရပ် ကို ကျောင်းသား ကျောင်းသူ များ စိတ်အေးချမ်းသာစွာဖြေဆို စဉ်။ (တက္ကသိုလ်ဝင် စာမေးပွဲ ကျောင်းသား ကျောင်းသူ ၁၄၀ ဖြေဆိုခဲ့ကြောင်း သိရသည်။) လှအောင်(ကသာ)

❖ *ရှေ့ဖုံးမှ*

နိုင်ငံခြားငွေ ငွေသား အမေရိကန်ဒေါ်လာ ၃၀၀ မှ အမေရိကန်ဒေါ်လာ ၅၀၀ အထိကို အမေရိကန်တစ်ဒေါ်လာလျှင် ၃,၁၀၀ ကျပ်နှုန်းဖြင့် အထူးအစီအစဉ်အရ ရောင်းချပေးလျက်ရှိပါသည်-

| ဘဏ်အမည် | ရန်ကုန် | မန္တလေး | နေပြည်တော် | တောင်ကြီး |
|---|---|---|---|---|
| KBZ | (၉)မိုင်ဘဏ်ခွဲ၊ ဦးဝိစာရလမ်း(၂) ဘဏ်ခွဲ၊ ရန်ကုန်လေဆိပ် (ဆိုက်ရောက်) | IBD ဘဏ်ခွဲ၊ (၂၂)ဘဏ်ခွဲ၊ (၄)ဘဏ်ခွဲ | ဘဏ်ခွဲ(၅) | ဘဏ်ခွဲ(၁) |
| AYA Bank PCL | ရန်ကုန်လေဆိပ်၊ ပါရမီဘဏ်ခွဲ၊ ကျောက်တံတား ဘဏ်ခွဲ၊ အလုံဘဏ်ခွဲ၊ မရမ်းကုန်းဘဏ်ခွဲ | လမ်း(၃၀) ဘဏ်ခွဲ၊ (၂၂)ဘဏ်ခွဲ | နေပြည်တော် ဘဏ်ခွဲ | |
| UAB | စမ်းချောင်းဘဏ်ခွဲ၊ ရန်ကုန်လေဆိပ်၊ ရွှေဂုံတိုင်ဘဏ်ခွဲ၊ သိမ်ဖြူဘဏ်ခွဲ | (၈၄)လမ်း ဘဏ်ခွဲ၊ ဆိုင်းတန်း ဘဏ်ခွဲ၊ ဒိုင်းမွန်း ဘဏ်ခွဲ | နေပြည်တော် ဘဏ်ခွဲ | |

၃။ ဤကဲ့သို့ ဆောင်ရွက်နေသည့် အခြေအနေများကိုလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ Official Website နှင့် AYA Bank ၊ KBZ Bank ၊ uab Bank တို့၏ လူမှုကွန်ရက်စာမျက်နှာများနှင့် Official Website များတွင် ဖော်ပြထားပြီးဖြစ်ပါသည်။

၄။ ယင်းသို့ နိုင်ငံခြားငွေများကိုရောင်းချပေးလျက်ရှိသော်လည်း နိုင်ငံခြားငွေလဲလှယ်နှုန်း ကမောက်ကမ ဖြစ်စေလိုသော မသမာသူ အဖျက်သမားများက အောက်ပါလူမှုကွန်ရက်စာမျက်နှာများ၊ လူမှုကွန်ရက် Group များ၊ App များ၊ Website များမှတစ်ဆင့် မဟုတ်မမှန် လုပ်ကြံသတင်းများ ထုတ်ပြန်ပြီး နိုင်ငံခြားငွေလဲလှယ်နှုန်းများ မြင့်တက်စေရန် လှုံ့ဆော်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) Mr.Hamburger Channel (Viber)
(ခ) Myanmar Market Price (App & (Facebook)
(ဂ) Htet Yan Money Exchange (Facebook)
(ဃ) Dollar Exchange Rate (Facebook)
(င) Daily Gold (Facebook)
(စ) Myanmar Future News (Facebook)
(ဆ) ရွှေဈေး၊ဒေါ်လာဈေး (Facebook)
(ဇ) GG-Money Exchange (Facebook)
(ဈ) ရဝေထွန်း- စိန်ရွှေရတနာဆိုင် (Facebook)
(ည) ရွှေဈေးနှုန်း၊ ငွေဈေးနှုန်း (Facebook)
(ဋ) Domestic Price Now
(ဌ) Shwedingar.com
(ဍ) Gold (Facebook)
(ဎ) Law Ka Media (Facebook)
(ဏ) Money Changer (Yangon) ငွေဈေး ဒေါ်လာဈေး (Facebook Group)

၅။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ လူမှုကွန်ရက်စာမျက်နှာများ၊ လူမှုကွန်ရက် Group များ၊ App များ၊ Website များသည် မမှန်ဟု သိလျက်နှင့် သို့မဟုတ် မမှန်ဟု ယုံကြည်လောက်အောင် အကြောင်းရှိလျက်နှင့် မမှန်သတင်းဖြန့်ဝေခြင်း သို့မဟုတ် မမှန်သတင်းဖြန့်ရန် ကြံရွယ်ခြင်းတို့ကို ဆောင်ရွက်နေကြောင်း၊ နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် တစ်မျိုးမျိုးမရှိဘဲ နိုင်ငံခြားသုံးငွေ လဲလှယ်ရောင်းဝယ်ရေးလုပ်ငန်းဆောင်ရွက်ခြင်းဖြစ်ကြောင်း တွေ့ရှိရသဖြင့် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က(ခ)အရလည်းကောင်း၊ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၈(က)အရလည်းကောင်း၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၃၈ နှင့် ၄၂ အရသော်လည်းကောင်း တရားစွဲအရေးယူနိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

၆။ မိဘပြည်သူများအနေဖြင့်လည်း နိုင်ငံခြားငွေ အမှန်တကယ်လိုအပ်ချက်များရှိပါက အထက်ဖော်ပြပါအထူးအစီအစဉ်ဖြင့် နိုင်ငံခြားငွေရောင်းချပေးနေသော ငွေလဲကောင်တာများတွင် ဝယ်ယူကြပါရန်နှင့် မဟုတ်မမှန်သတင်းထုတ်လွှင့်ပြီး နိုင်ငံခြားငွေကြေးဈေးကစားသူများ၏ ပြောကြားချက်/ထုတ်ပြန်ချက်များကို မယုံကြည်ကြပါရန်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ https://www.cbm.gov.mm/ ရှိ News & Announcements တွင် နေ့စဉ် Online Trading Rate ကို ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်းနှင့် ဘဏ်များနှင့် တရားဝင်ငွေလဲကောင်တာများတွင်သာ နိုင်ငံခြားသုံးငွေများကို လဲလှယ်ရောင်းဝယ်သွားကြရန် တိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**


















## ကံမမြို့နယ် အလပ်လယ်ကျေးရွာ၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**ကံမ မတ် ၁၅**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် အလပ်လယ်ကျေးရွာအုပ်စု အလပ်လယ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ယမန်နေ့က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ ဆွေးနွေးပွဲကို ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ခံအရာရှိများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအုန်းဌေးက အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ဦးနှင့် ဒုတိယမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ကျော်နိုင်ဦးတို့က ပြည်သူ့စစ်မှုထမ်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၏ ရည်ရွယ်ချက်များ၊ စစ်မှုထမ်းစနစ် ကျင့်သုံးရသည့် အကြောင်းရင်းများ၊ ပြည်သူ့စစ်မှုထမ်းတို့၏ အကျိုးခံစားခွင့်များ၊ စစ်မှုထမ်းရမည့် အသက်အရွယ်၊ ပြည်သူ့စစ်မှုထမ်းရန်ကာလ စသည်တို့ကို ရှင်းလင်းပြောကြားပြီး ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (စနစ်သစ်) ပဉ္စမနေ့တွင် ရူပဗေဒဘာသာရပ်လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၁၁၄၆၂ ဦးနှင့် သမိုင်းဘာသာရပ်လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၇၂၀၇ ဦးရှိ

**နေပြည်တော် မတ် ၁၅**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (စနစ်သစ်) ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ နိုင်ငံခြားစာစစ်ဌာနအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရူပဗေဒဘာသာရပ်လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၁၁၄၆၂ ဦးနှင့် သမိုင်းဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၇၂၀၇ ဦးရှိကြောင်း သိရသည်။

ယခုနှစ်တွင် ရူပဗေဒဘာသာရပ်၌ နိုင်ငံခြားစာစစ်ဌာန ၁၁ ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၈၂၄ ခု စာစစ်ဌာန စုစုပေါင်း ၈၃၅ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ ဖြေဆိုရန်စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၁၂၅၈၇၀ ရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၁၁၄၆၂ ဦး၊ ပျက်ကွက် ၁၄၄၀၈ ဦး ရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၈၈ ဒသမ ၅၅ ရာခိုင်နှုန်း၊ သမိုင်းဘာသာရပ်၌ နိုင်ငံခြားစာစစ်ဌာန နှစ်ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၇၀၇ ခု စာစစ်ဌာန စုစုပေါင်း ၇၀၉ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ ဖြေဆိုရန်စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၂၀၆၅၁ ဦးရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၇၂၀၇ ဦး၊ ပျက်ကွက် ၃၄၄၄ ဦးရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၈၃ ဒသမ ၃၂ ရာခိုင်နှုန်း ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

## အခြေခံပညာဦးစီးဌာန ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ် – ရူပဗေဒ

ရက်စွဲ၊ ၁၅ – ၃ – ၂၀၂၄

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင်အရေအတွက် | မြို့နယ်အရေအတွက် | စာစစ်ဌာနအရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့်ရာခိုင်နှုန်း | ပျက်ကွက်ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၄ | ၂၅ | ၁၈၃၁ | ၂၉၄၆ | ၄၇၇၇ | ၁၇၃၆ | ၂၈၆၃ | ၄၅၉၉ | ၉၅ | ၈၃ | ၁၇၈ | ၉၆.၂၇% | ၃.၇၃% | |
| ၂ | ကယား | စာစစ်ဌာနမရှိပါ။ | | | | | | | | | | | | | | |
| ၃ | ကရင် | ၆ | ၇ | ၁၁ | ၇၉၀ | ၁၃၅၃ | ၂၁၄၃ | ၇၀၆ | ၁၂၅၇ | ၁၉၆၃ | ၈၄ | ၉၆ | ၁၈၀ | ၉၁.၆၀% | ၈.၄၀% | |
| ၄ | ချင်း | ၆ | ၇ | ၁၀ | ၃၁၆ | ၄၀၈ | ၇၂၄ | ၉၅ | ၁၆၆ | ၂၆၁ | ၂၂၁ | ၂၄၂ | ၄၆၃ | ၃၆.၀၅% | ၆၃.၉၅% | |
| ၅ | စစ်ကိုင်း | ၁၄ | ၂၅ | ၃၆ | ၁၇၁၇ | ၂၇၁၉ | ၄၄၃၆ | ၁၆၀၄ | ၂၅၅၈ | ၄၁၆၂ | ၁၁၃ | ၁၆၁ | ၂၇၄ | ၉၃.၈၂% | ၆.၁၈% | |
| ၆ | တနင်္သာရီ | ၄ | ၁၀ | ၁၇ | ၉၁၄ | ၁၅၇၃ | ၂၄၈၇ | ၈၄၉ | ၁၅၁၀ | ၂၃၅၉ | ၆၅ | ၆၃ | ၁၂၈ | ၉၄.၈၅% | ၅.၁၅% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၃၄ | ၂၉၄၆ | ၄၁၈၅ | ၇၁၃၁ | ၂၇၉၅ | ၄၀၁၁ | ၆၈၀၆ | ၁၅၁ | ၁၇၄ | ၃၂၅ | ၉၅.၄၄% | ၄.၅၆% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၅ | ၂၂၇၁ | ၃၁၆၃ | ၅၄၃၄ | ၂၁၇၀ | ၃၀၈၃ | ၅၂၅၃ | ၁၀၁ | ၈၀ | ၁၈၁ | ၉၆.၆၇% | ၃.၃၃% | |
| ၉ | မကွေး | ၇ | ၂၃ | ၄၄ | ၃၅၈၂ | ၅၁၆၄ | ၈၇၄၆ | ၃၄၃၂ | ၅၀၄၈ | ၈၄၈၀ | ၁၅၀ | ၁၁၆ | ၂၆၆ | ၉၆.၉၆% | ၃.၀၄% | |
| ၁၀ | မန္တလေး | ၁၁ | ၂၈ | ၇၄ | ၇၉၅၁ | ၁၁၂၆၂ | ၁၉၂၁၃ | ၇၆၀၃ | ၁၀၈၈၇ | ၁၈၄၉၀ | ၃၄၈ | ၃၇၅ | ၇၂၃ | ၉၆.၂၄% | ၃.၇၆% | |
| ၁၁ | မွန် | ၄ | ၁၀ | ၂၀ | ၂၀၆၅ | ၃၄၇၆ | ၅၅၄၁ | ၁၉၆၇ | ၃၃၇၀ | ၅၃၃၇ | ၉၈ | ၁၀၆ | ၂၀၄ | ၉၆.၃၂% | ၃.၆၈% | |
| ၁၂ | ရခိုင် | ၇ | ၁၇ | ၆၉ | ၇၃၄၄ | ၈၈၆၂ | ၁၆၂၀၆ | ၃၃၄၃ | ၃၈၀၃ | ၇၁၄၆ | ၄၀၀၁ | ၅၀၅၉ | ၉၀၆၀ | ၄၄.၀၉% | ၅၅.၉၁% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၇၂ | ၇၉၉၄ | ၉၇၇၈ | ၁၇၇၇၂ | ၇၆၀၀ | ၉၄၀၀ | ၁၇၀၀၀ | ၃၉၄ | ၃၇၈ | ၇၇၂ | ၉၅.၆၆% | ၄.၃၄% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၁ | ၆၄ | ၂၈၀၃ | ၄၇၀၂ | ၇၅၁၅ | ၂၆၈၀ | ၄၅၀၁ | ၇၁၈၁ | ၁၂၃ | ၂၀၁ | ၃၃၄ | ၉၅.၅၆% | ၄.၄၄% | |
| ၁၅ | ရှမ်း(မြောက်) | ၆ | ၁၄ | ၁၇ | ၁၀၃၀ | ၁၆၀၇ | ၂၆၃၇ | ၇၄၆ | ၁၁၇၃ | ၁၉၁၉ | ၂၈၄ | ၄၃၄ | ၇၁၈ | ၇၂.၇၇% | ၂၇.၂၃% | |
| ၁၆ | ရှမ်း(ရှေ့) | ၇ | ၁၀ | ၁၂ | ၃၇၉ | ၆၀၉ | ၉၈၈ | ၃၅၈ | ၅၉၁ | ၉၄၉ | ၂၁ | ၁၈ | ၃၉ | ၉၆.၀၅% | ၃.၉၅% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၂၇ | ၄၉၃၅ | ၇၃၆၇ | ၁၂၃၀၂ | ၄၇၃၈ | ၇၁၈၇ | ၁၁၉၂၅ | ၁၉၇ | ၁၈၀ | ၃၇၇ | ၉၆.၉၄% | ၃.၀၆% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၄၇ | ၃၃၂၄ | ၄၄၈၂ | ၇၈၀၆ | ၃၂၂၄ | ၄၃၉၇ | ၇၆၂၁ | ၁၀၀ | ၈၅ | ၁၈၅ | ၉၇.၆၃% | ၂.၃၇% | |
| ၁၉ | နိုင်ငံခြား | | | ၁၁ | ၃ | ၉ | ၁၂ | ၃ | ၈ | ၁၁ | ၀ | ၁ | ၁ | ၉၁.၆၇% | ၈.၃၃% | |
| စုစုပေါင်း | | ၁၁၈ | ၂၉၃ | ၈၃၅ | ၅၂၂၀၅ | ၇၃၆၆၅ | ၁၂၅၈၇၀ | ၄၅၆၄၉ | ၆၅၈၁၃ | ၁၁၁၄၆၂ | ၆၅၅၆ | ၇၈၅၂ | ၁၄၄၀၈ | ၈၈.၅၅% | ၁၁.၄၅% | |

မှတ်ချက် – စာမေးပွဲကျင်းပသည့် ခရိုင်၊ မြို့နယ်ဦးရေနှင့် စာစစ်ဌာနဦးရေသာ ဖော်ပြထားပါသည်။

## အခြေခံပညာဦးစီးဌာန ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ် – သမိုင်း

ရက်စွဲ၊ ၁၅ – ၃ – ၂၀၂၄

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင်အရေအတွက် | မြို့နယ်အရေအတွက် | စာစစ်ဌာနအရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့်ရာခိုင်နှုန်း | ပျက်ကွက်ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၄ | ၂၆ | ၅၁၈ | ၇၁၂ | ၁၂၃၀ | ၄၈၀ | ၆၆၇ | ၁၁၄၇ | ၃၈ | ၄၅ | ၈၃ | ၉၃.၂၅% | ၆.၇၅% | |
| ၂ | ကယား | စာစစ်ဌာနမရှိပါ။ | | | | | | | | | | | | | | |
| ၃ | ကရင် | ၆ | ၇ | ၁၀ | ၁၀၂ | ၁၅၁ | ၂၅၃ | ၈၁ | ၁၃၆ | ၂၁၇ | ၂၁ | ၁၅ | ၃၆ | ၈၅.၇၇% | ၁၄.၂၃% | |
| ၄ | ချင်း | ၅ | ၆ | ၉ | ၄၁၄ | ၅၈၅ | ၉၉၉ | ၅၆ | ၈၄ | ၁၄၀ | ၃၅၈ | ၅၀၁ | ၈၅၉ | ၁၄.၀၁% | ၈၅.၉၉% | |
| ၅ | စစ်ကိုင်း | ၁၄ | ၂၃ | ၃၅ | ၆၇၂ | ၁၀၀၁ | ၁၆၇၃ | ၆၀၂ | ၉၀၃ | ၁၅၀၅ | ၇၀ | ၉၈ | ၁၆၈ | ၈၉.၉၆% | ၁၀.၀၄% | |
| ၆ | တနင်္သာရီ | ၄ | ၁၀ | ၁၁ | ၈၀ | ၆၈ | ၁၄၈ | ၇၃ | ၆၂ | ၁၃၅ | ၇ | ၆ | ၁၃ | ၉၁.၂၂% | ၈.၇၈% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၂၀ | ၁၃၇ | ၂၂၁ | ၃၅၈ | ၁၂၂ | ၁၉၈ | ၃၂၀ | ၁၅ | ၂၃ | ၃၈ | ၈၉.၃၉% | ၁၀.၆၁% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၃၁ | ၂၇၆ | ၂၈၀ | ၅၅၆ | ၂၅၄ | ၂၆၀ | ၅၁၄ | ၂၂ | ၂၀ | ၄၂ | ၉၂.၄၅% | ၇.၅၅% | |
| ၉ | မကွေး | ၇ | ၂၁ | ၃၄ | ၄၇၁ | ၆၀၄ | ၁၀၇၅ | ၄၂၀ | ၅၇၀ | ၉၉၀ | ၅၁ | ၃၄ | ၈၅ | ၉၂.၀၉% | ၇.၉၁% | |
| ၁၀ | မန္တလေး | ၁၁ | ၂၈ | ၅၉ | ၄၄၅ | ၅၅၇ | ၁၀၀၂ | ၄၀၁ | ၅၀၆ | ၉၀၇ | ၄၄ | ၅၁ | ၉၅ | ၉၀.၅၂% | ၉.၄၈% | |
| ၁၁ | မွန် | ၄ | ၁၀ | ၁၉ | ၂၀၉ | ၂၆၅ | ၄၇၄ | ၁၈၂ | ၂၄၇ | ၄၂၉ | ၂၇ | ၁၈ | ၄၅ | ၉၀.၅၁% | ၉.၄၉% | |
| ၁၂ | ရခိုင် | ၇ | ၁၇ | ၅၄ | ၁၀၅၆ | ၁၃၄၀ | ၂၃၉၆ | ၅၈၉ | ၇၈၆ | ၁၃၇၅ | ၄၆၇ | ၅၅၄ | ၁၀၂၁ | ၅၇.၃၉% | ၄၂.၆၁% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၂ | ၆၈ | ၆၁၅ | ၅၆၄ | ၁၁၇၉ | ၅၃၆ | ၄၉၃ | ၁၀၂၉ | ၇၉ | ၇၁ | ၁၅၀ | ၈၇.၂၈% | ၁၂.၇၂% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၁၄ | ၄၄ | ၂၉၃ | ၂၆၆ | ၅၅၉ | ၂၆၉ | ၂၄၈ | ၅၁၇ | ၂၄ | ၁၈ | ၄၂ | ၉၂.၄၉% | ၇.၅၁% | |
| ၁၅ | ရှမ်း(မြောက်) | ၆ | ၁၃ | ၁၄ | ၉၄ | ၁၂၂ | ၂၁၆ | ၃၀ | ၃၀ | ၆၀ | ၆၄ | ၉၂ | ၁၅၆ | ၂၇.၇၈% | ၇၂.၂၂% | |
| ၁၆ | ရှမ်း(ရှေ့) | ၅ | ၇ | ၇ | ၇၁ | ၄၅ | ၁၁၆ | ၆၂ | ၄၁ | ၁၀၃ | ၉ | ၄ | ၁၃ | ၈၈.၇၉% | ၁၁.၂၁% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၂၄ | ၃၃၃၆ | ၄၂၀၉ | ၇၅၄၅ | ၃၀၂၄ | ၃၉၉၃ | ၇၀၁၇ | ၃၁၂ | ၂၁၆ | ၅၂၈ | ၉၃.၀၀% | ၇.၀၀% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၄၂ | ၄၂၆ | ၄၄၄ | ၈၇၀ | ၃၈၇ | ၄၁၃ | ၈၀၀ | ၃၉ | ၃၁ | ၇၀ | ၉၁.၉၅% | ၈.၀၅% | |
| ၁၉ | နိုင်ငံခြား | | | ၂ | ၁ | ၁ | ၂ | ၁ | ၁ | ၂ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| စုစုပေါင်း | | ၁၁၅ | ၂၇၄ | ၇၀၉ | ၉၂၁၆ | ၁၁၄၃၅ | ၂၀၆၅၁ | ၇၅၆၉ | ၉၆၃၈ | ၁၇၂၀၇ | ၁၆၄၇ | ၁၇၉၇ | ၃၄၄၄ | ၈၃.၃၂% | ၁၆.၆၈% | |

မှတ်ချက် – စာမေးပွဲကျင်းပသည့် ခရိုင်၊ မြို့နယ်ဦးရေနှင့် စာစစ်ဌာနဦးရေသာ ဖော်ပြထားပါသည်။

မြန်မာ့အလင်း


# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့ ရူပဗေဒနှင့် သမိုင်းဘာသာရပ် ဖြေဆိုမှု မြင်ကွင်းပုံရိပ်များ



**နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းရှိ စာစစ်ဌာနရှစ်ခုတွင် ရူပဗေဒနှင့် သမိုင်းဘာသာရပ်များကို ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုလျက်ရှိသည်ကို တွေ့ရစဉ်။** (တပ်ကုန်းမြို့နယ်အတွင်းရှိ အထက(၁)၊ အထက (၂)၊ အထက(ရွှေမြို့)၊ အထက(MRTV)၊ အထက (တောင်ပို့သာ)၊ အထက(မကျီးပင်)၊ အထက (ညောင်လွန့်)နှင့် အထက(ကပစ-၁)တို့တွင် ရူပဗေဒနှင့်သမိုင်းဘာသာရပ် ဖြေဆိုသူ ၁၂၈၈ ဦး ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။)
**တင်စိုးလွင်(ပြန်/ဆက်)**



**စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ သမိုင်းနှင့် ရူပဗေဒ ဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆို လျက်ရှိကြောင်း သိရသည်။** (ကန့်ဘလူမြို့နယ်၌ အထက(၁) ကန့်ဘလူစာစစ်ဌာနနှင့် အထကထန်းကုန်း စာစစ်ဌာနတို့တွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၂၅ ဦး ဝင်ရောက်ဖြေဆိုလျက် ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။)
**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



**ဧရာဝတီတိုင်းဒေသကြီးဒေးဒရဲမြို့နယ်အတွင်းရှိ စာစစ်ဌာန လေးခု၌ ရူပဗေဒဘာသာရပ်နှင့် သမိုင်းဘာသာရပ်များကို ကျောင်းသား ကျောင်းသူများ လာရောက်ဖြေဆိုနေမှုကို တွေ့ရစဉ်။** (ဒေးဒရဲ မြို့နယ်အတွင်းရှိ စာစစ်ဌာနလေးခုတွင် ရူပဗေဒဘာသာရပ်ကို ကျောင်းသား ကျောင်းသူ ၃၆၁ ဦးနှင့် သမိုင်းဘာသာရပ်ကို ကျောင်းသား ကျောင်းသူ ၈၁ ဦး လာရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။)
**အေဇာလင်း**



**မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ ရူပဗေဒနှင့် သမိုင်းဘာသာ ရပ်ကို ကျောင်းသား ကျောင်းသူများက မင်းလှအခြေခံပညာအထက် တန်းကျောင်းစာစစ်ဌာန၌ လာရောက်ဖြေဆိုနေမှုကို တွေ့ရစဉ်။** (အထက-မင်းလှ စာစစ်ဌာနတွင် ရူပဗေဒဘာသာရပ်ကို ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၃၀၀ နှင့် သမိုင်းဘာသာရပ်ကို လာရောက် ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၁၂ ဦး ရှိကြောင်း မြို့နယ်ပညာ ရေးမှူးရုံးမှ သိရသည်။)
**ဇာဇာ(အထက်မင်းလှ)**



**ကချင်ပြည်နယ် မိုးကောင်းမြို့နယ်၌ ရူပဗေဒနှင့် သမိုင်းဘာသာရပ် ကို ကျောင်းသား ကျောင်းသူများ ဆက်လက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။** (မိုးကောင်းမြို့နယ်အတွင်းရှိ အထက(၁)စာစစ်ဌာနနှင့် အထက ပင်းဘောစာစစ်ဌာန နှစ်ခုတို့၌ ကျောင်းသား ကျောင်းသူ ၅၆၆ ဦး ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။)
**သန်းလွင်ဦး(ပြန်/ဆက်)**



**မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ စာစစ်ဌာနနှစ်ခုတွင် ရူပဗေဒဘာသာရပ်နှင့် သမိုင်းဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ လာရောက်ဖြေဆိုလျက်ရှိသည်ကို တွေ့ရစဉ်။** (မုဒုံမြို့နယ်အတွင်းရှိ စာစစ်ဌာနများ ဖြစ်သည့် အထက(၁)မုဒုံ၊ အထက(ကမာဝက်)စာစစ်ဌာနတို့တွင် ရူပဗေဒဘာသာရပ်ဖြေဆိုသူ ၇၂၄ ဦး၊ သမိုင်းဘာသာရပ် ဖြေဆိုသူ ၂၃ ဦး ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။)
**အောင်မျိုးသူ(ပြန်/ဆက်)**



**ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်ရှိ စာစစ်ဌာနနှစ်ခုတို့တွင် ကျောင်းသား ကျောင်းသူများ ရူပဗေဒဘာသာရပ်နှင့် သမိုင်းဘာသာရပ်တို့ကို လာရောက်ဖြေဆိုနေမှုကို တွေ့ရစဉ်။** (ဟိုပုံးမြို့နယ်၌ စာစစ်ဌာနတစ်ခုတည်းရှိပြီး အထက(၁)စာစစ်ဌာနတွင် သိပ္ပံတွဲ (ရူပဗေဒ ဘာသာရပ်) ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၄၇၄ ဦး၊ ဝိဇ္ဇာတွဲ(သမိုင်းဘာသာရပ်)ကို ကျောင်းသား ကျောင်းသူ ၁၀ ဦး၊ အထက(၂) စာစစ်ဌာနတွင် ဆီဆိုင်မြို့နယ်မှ စာစစ်ဌာနလေးခုတို့တွင် သိပ္ပံတွဲ (ရူပဗေဒဘာသာရပ်) နှင့် ဝိဇ္ဇာတွဲ(သမိုင်းဘာသာရပ်) လာရောက်ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၂၆၄ ဦး ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။
**ပအိုဝ်းဒေသ(ပြန်/ဆက်)**



**ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်၌ ရူပဗေဒနှင့် သမိုင်းဘာသာ ရပ်ကို စာစစ်ဌာန ရှစ်ခုတို့တွင် ကျောင်းသား ကျောင်းသူ ၇၄၃ ဦး လာရောက်ဖြေဆိုနေမှုကို တွေ့ရစဉ်။** ချစ်သက်လယ်(ပြန်/ဆက်)



**မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ ရူပဗေဒဘာသာရပ်နှင့် သမိုင်းဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ လာရောက်ဖြေဆို နေမှုကို တွေ့ရစဉ်။** (မြစ်သားမြို့နယ်အတွင်းရှိ စာစစ်ဌာန သုံးခုရှိပြီး ကျောင်းသား ကျောင်းသူ ၄၀၁ ဦး လာရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။)
**သီတာအောင်(မြစ်သား)**



**ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ ရူပဗေဒနှင့် သမိုင်းဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ လာရောက်ဖြေဆိုနေမှုကို တွေ့ရစဉ်။** (အထက(ဝေါ)ကျောင်း စာစစ်ဌာန၌ ယနေ့ ရူပဗေဒနှင့် သမိုင်း ဘာသာရပ်ကို ကျောင်းသား ကျောင်းသူ ၃၇၄ ဦး အေးချမ်းစွာ ဖြေဆိုလျက်ရှိကြောင်း သိရသည်။)
**အောင်မြတ်လင်း (ပြန်/ဆက်)**

# အမေရိကန်စတီးကုမ္ပဏီကို နီပွန်စတီးသို့ ရောင်းချမည့်အစီအစဉ် အမေရိကန်သမ္မတ ကန့်ကွက်



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်။

ဝါရှင်တန် မတ် ၁၅

**အမေရိကန်စတီးကုမ္ပဏီကို ဂျပန်ကုမ္ပဏီဖြစ်သည့် နီပွန်စတီးသို့ ရောင်းချမည့်အစီအစဉ်ကို ကန့်ကွက်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က မတ် ၁၄ ရက်တွင် ပြောသည်။**

အဆိုပါလုပ်ငန်းမှာ အရေးကြီးသည့်လုပ်ငန်းဖြစ်ပြီး အမေရိကန်တွင် ဆက်လက်ရှိနေရန် လိုအပ်ကြောင်း ၎င်းက ဆက်ပြောသည်။ အမေရိကန်စတီးကုမ္ပဏီကို အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံဖြင့် ဝယ်ယူရန် အစီအစဉ်ရှိသည်ဟု ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း၌ နီပွန်စတီးကုမ္ပဏီက ကြေညာခဲ့သည်။

အတူတကွ ရှေ့ဆက်မည်ဖြစ်ပြီး အမေရိကန်ကုမ္ပဏီအနေဖြင့် ၎င်း၏ကုမ္ပဏီအမည်၊ တံဆိပ်နှင့် ပင်ဆယ်ဗေးနီးယားပြည်နယ် ပစ်ဘာ့ဂ်မြို့ရှိ ၎င်း၏ ရုံးချုပ်နေရာအတိုင်း ဆက်လက်ရှိနေမည်ဟု ပြောကြားခဲ့သည်။

မည်သည့်အလုပ်နေရာကိုမျှ လျှော့ချမည်မဟုတ်ကြောင်းကိုလည်း နီပွန်စတီးကုမ္ပဏီက ပြောကြားခဲ့သည်။ သို့သော်လည်း အမေရိကန်စတီးမှ ဝန်ထမ်းများသည် အဆိုပါသဘောတူညီချက်ကို ဝေဖန်ခဲ့ကြသည်။

ယူနိုက်တက်စတီး အလုပ်သမားများ သမဂ္ဂအဖွဲ့ဝင်များကလည်း စိတ်ပျက်မိကြောင်း ပြောသည်။ အမေရိကန် သမ္မတဂျိုးဘိုင်ဒင်က ၎င်းတို့၏နောက်တွင်ရှိကြောင်း အဆိုပါကုမ္ပဏီကို ပြည်တွင်း၌ပင် ဆက်လက်ရှိစေလိုကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ဘိုင်ဒင်သည် ၎င်းပြန်လည်ရွေးကောက်ခံရရေးအတွက် သမဂ္ဂမှ မဲဆန္ဒရှင်များကို ဆွဲဆောင်ခဲ့သည်။ ပင်ဆယ်ဗေးနီးယားပြည်နယ်သည် ၎င်းတို့ပါတီအသီးသီးအတွက် အရေးကြီးသည့်နေရာဖြစ်ကြောင်း ဘိုင်ဒင်နှင့် ၎င်း၏ပြိုင်ဘက်ဖြစ်သူ ဒေါ်နယ်ထရမ့်တို့ နှစ်ဦးစလုံးသိရှိထားကြသည်။ ထရမ့်ကလည်း အဆိုပါသဘောတူညီချက်မှာ ကြောက်စရာကောင်းပြီး ချက်ချင်းပိတ်ဆို့သင့်သည်ဟု ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဗီယက်နမ်၌ အစာအဆိပ်သင့်မှုကြောင့် လူပေါင်း ၂၀၀ နီးပါး ဆေးရုံတက်ရ

**ဟန္နိုင်း မတ် ၁၅**

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းမြို့နှာ့ဟ်ခန်းမြို့တွင် လူပေါင်း ၁၉၅ ဦးမှာ အစာအဆိပ်သင့်သည်ဟူသော သံသယရှိသဖြင့် ဆေးရုံသို့ တက်ခဲ့ရသည်။

၎င်းတို့မှာ ကြက်သားထမင်းဆိုင်တွင် စားသောက်ခဲ့ကြပြီးနောက် ယခုကဲ့သို့ဆေးရုံတက်လိုက်ရခြင်းဖြစ်ကြောင်း ပြည်တွင်းမီဒီယာများတွင် မတ် ၁၅ ရက်က ဖော်ပြထားသည်။



၎င်းတို့ထဲမှ အချို့ကို ဆေးရုံနှင့်ဆေးဘက်စောင့်ရှောက်မှုစင်တာ ၁၂ ခုတွင် ကုသမှုပေးထားပြီး အချို့ကိုမူ နေအိမ်၌ပင်ကုသမှုခံယူရန် ဆေးပေးထားကြောင်း ဗီယက်နမ်သတင်းအေဂျင်စီတွင် ဖော်ပြထားသည်။

ကနဦးတွင် ဒေသခံများနှင့် ခရီးသွားများအပါအဝင် လူပေါင်း ၆၀ မှာ မတ် ၁၃ ရက် ညပိုင်းကတည်းက အစာအဆိပ်သင့်မှုခံစားခဲ့ရသည်ဟု အာဏာပိုင်များက မှတ်တမ်းတင်ထားသည်။ ၎င်းတို့အားလုံးမှာ တရမ်အန်ကြက်သားထမင်းဆိုင်မှ အစားအသောက်များကို စားသောက်ခဲ့ကြကြောင်း ဗွီအင်န်အိတ်စပရက်တွင် ဖော်ပြထားသည်။

မတ် ၁၄ ရက် မွန်းလွဲပိုင်းတွင် အစာအဆိပ်သင့်သူ ပို၍များလာကြောင်း မြို့နယ်ကျန်းမာရေးအာဏာပိုင်များက ပြောသည်။ စားသောက်ဆိုင် ပိုင်ရှင်သည် အစားအသောက် ပါဝင်ပစ္စည်းများနှင့် အရောင်းစာချုပ်ကို ပြသရန် ပျက်ကွက်ခဲ့သည်။

ကျန်းမာရေး ဝန်ကြီးဌာန၏ အစားအသောက်ဘေးကင်းလုံခြုံရေးဌာနက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် စားသောက်ဆိုင်ကို ယာယီဆိုင်းငံ့ထားကြောင်း မတ် ၁၅ ရက်က အမိန့်ထုတ်ပြန်ခဲ့သည်။

**ဆင်ဟွာ**

# တူကီယဲနိုင်ငံ အနောက်မြောက်ပိုင်း၌ ရွှေ့ပြောင်းလှေတိမ်းမှောက်မှုဖြစ်ပွား၊ ၂၁ ဦး သေဆုံး

**အစ္စတန်ဘူလ် မတ် ၁၅**

တူကီယဲနိုင်ငံ အီဂျီရန် ကမ်းရိုးတန်း၌ မတ် ၁၅ ရက်တွင် တရားမဝင်ရွှေ့ပြောင်းလှေတိမ်းမှောက်မှုဖြစ်ပွားသဖြင့် ၂၁ ဦးထက်မနည်းသေဆုံးကြောင်း အစိုးရပိုင် တီအာတီရုပ်သံလိုင်းမှ ထုတ်ပြန်ထားသည်။

ကန်နက်ကဲလ်ပြည်နယ် အနောက်မြောက်ပိုင်း အီကဲဘက်ခရိုင် ကမ်းရိုးတန်း၌ တရားမဝင်လှေတစ်စင်းတိမ်းမှောက်ပြီး နစ်မြုပ်သွားခဲ့ကြောင်း သိရသည်။

ရဟတ်ယာဉ်နှစ်စင်းနှင့် ကမ်းရိုးတန်းစောင့် ကယ်ဆယ်ရေးသင်္ဘော ၁၀ စင်းဖြင့် အခင်းဖြစ်ပွားရာနေရာ၌ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေဆဲဖြစ်ပြီး လူလေးဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ကန်နက်ကဲလ်ပြည်နယ်အုပ်ချုပ်ရေးမှူး အီဟမ်မီ အက်ခ်တက်စ်၏ ပြောကြားချက်ကို ကိုးကားပြီး တီအာတီက ပြောကြားသည်။ လှေတိမ်းမှောက်မှုကြောင့် ပျောက်ဆုံးနေသူအရေအတွက်ကို တိတိကျကျ မသိရှိရသေးပေ။

**ဆင်ဟွာ**



# ဆိုမာလီယာဟိုတယ်တိုက်ခိုက်မှုတွင် သုံးဦးသေဆုံး

**မိုဂါဒစ်ရှူး မတ် ၁၅**

ဆိုမာလီယာမြို့တော် မိုဂါဒစ်ရှူးရှိ လူသိများသော ဟိုတယ်တစ်ခုကို မတ် ၁၄ ရက်က အကြမ်းဖက်တိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်သုံးဦးသေဆုံးပြီး ၂၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က မတ် ၁၅ ရက်တွင် အတည်ပြုခဲ့သည်။

သမ္မတနန်းတော်အနီးဖြစ်ပွားသော အဆိုပါဟိုတယ်တိုက်ခိုက်မှုတွင် လုံခြုံရေးတပ်ဖွဲ့ဝင်ကိုးဦးအပါအဝင် အရပ်သား ၁၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ကက်ဆင်ရာမက်ရော်ဘယ်က သတင်းထောက်များကို ပြောသည်။။



လုံခြုံရေးတပ်ဖွဲ့ဝင်သုံးဦး အသက်ဆုံးရှုံးခဲ့ပြီး ပါလီမန်အဖွဲ့ဝင်သုံးဦး အနည်းငယ်ဒဏ်ရာရရှိခဲ့သည်။ မိမိတို့၏လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အကြမ်းဖက်တိုက်ခိုက်ရေးသမား ငါးဦးကို ထိန်းချုပ်နိုင်ခဲ့သည်။ တိုက်ခိုက်မှုဖြစ်ပွားရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

ယခင်က အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကို မကြာခဏခံခဲ့ရသော ယင်းဟိုတယ်၌ အစိုးရအရာရှိများနှင့် ဂုဏ်သိက္ခာကြီးမားသောစီးပွားရေးသမားများ မကြာခဏလာရောက်တည်းခိုလေ့ရှိသည်။

အစိုးရကိုဖြုတ်ချရန် ကြိုးစားနေသည့် အယ်လ်ရှာဘတ်အကြမ်းဖက်အဖွဲ့ကို အဆိုပါတိုက်ခိုက်မှု၌ တာဝန်ရှိကြောင်း စွပ်စွဲပြောကြားထားသည်။ အဆိုပါအဖွဲ့သည် အစိုးရအဆောက်အအုံများ၊ ဟိုတယ်များနှင့် အခြားအများပြည်သူဆိုင်ရာနေရာများ၌ အလားတူ အကြမ်းဖက်တိုက်ခိုက်မှုများ မကြာခဏ ပြုလုပ်လေ့ရှိသည်။

**ဆင်ဟွာ**

# ဂါဇာမြို့ အရှေ့တောင်ဘက်ပိုင်း၌ အစ္စရေးတို့ တိုက်ခိုက်မှုကြောင့် ၂၁ ဦး သေဆုံး

**ဂါဇာ မတ် ၁၅**

ဂါဇာမြို့၌ ထောက်ပံ့ရေးပစ္စည်းများကို စောင့်ဆိုင်းနေကြသည့် ပါလက်စတိုင်းများ စုဝေးနေစဉ် အစ္စရေးတို့က တိုက်ခိုက်မှုပြုလုပ်ခဲ့ရာ ၁၅၀ ထက်မနည်းဒဏ်ရာရရှိခဲ့ပြီး ၂၁ ဦး သေဆုံးခဲ့သည်ဟု ပါလက်စတိုင်းကျန်းမာရေးဝန်ကြီးဌာနက မတ် ၁၅ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ထောက်ပံ့ရေးပစ္စည်းများ ရယူရန်စောင့်ဆိုင်းနေကြစဉ် လူစုလူဝေးရှိရာနေရာသို့ ရဟတ်ယာဉ်များပေါ်မှ စက်သေနတ်ဖြင့် ပစ်ခတ်ကြောင်း မျက်မြင်သက်သေများနှင့် သတင်းအရင်းအမြစ်များက ဆင်ဟွာသို့ ပြောသည်။ ဒဏ်ရာရရှိသူများမှာ အခြေအနေဆိုးရွားသည့်အတွက် သေဆုံးသူဦးရေ ထပ်တိုးလာနိုင်ကြောင်း သိရသည်။ ဂါဇာမြို့တောင်ဘက်ပိုင်းတွင် ပါလက်စတိုင်းများကို အစ္စရေးတပ်ဖွဲ့က ပစ်ခတ်သည်ဆိုသည့် သတင်းကို အစ္စရေးတပ်ဖွဲ့က မတ် ၁၅ ရက်တွင် ငြင်းဆိုခဲ့သည်။

**ဆင်ဟွာ**

# ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၅

**၂၀၂၄ ခုနှစ် မတ် ၁၅ ရက်တွင် ကျရောက်သော ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန၌ ကျင်းပသည်။**




အခမ်းအနားသို့ မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင် ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီး ဦးမင်းမင်း၊ မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ (World Consumer Rights Day) အထိမ်းအမှတ် အခမ်းအနားကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် စားသုံးသူရေးရာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး(ယာပုံ) အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ စားသုံးသူ ကာကွယ်ရေးကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်က ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် စားသုံးသူ ကာကွယ်ရေးအသိပညာပေး ရုပ်သံမှတ်တမ်း၊ စားသုံးသူ တိုင်ကြားမှုအပေါ် စေ့စပ်ညှိနှိုင်း ဖြေရှင်းခြင်းသရုပ်ဖော် အစီအစဉ်တင်ဆက်မှုနှင့် စားသုံးသူရေးရာ ဦးစီးဌာန အထိမ်းအမှတ် တေးသီချင်းဖြင့် ဖျော်ဖြေ တင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ စားသုံးသူ ကာကွယ်ရေးကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ် ကျင်းပပြုလုပ်သော ဆောင်းပါးပြိုင်ပွဲ၊ ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိသူများကို ဆုများချီးမြှင့်ပေးအပ်ကြပြီး သီဆိုဖျော်ဖြေတင်ဆက်သူများကို အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးရှိ စာစစ်ဌာန ၇၃ ခုတွင် သမိုင်းဘာသာရပ်နှင့် ရူပဗေဒဘာသာရပ်တို့တွင် ကျောင်းသား ကျောင်းသူ ၁၈၀၂၉ ဦး စိတ်အေးချမ်းပျော်ရွှင်စွာ ဖြေဆို

ရန်ကုန် မတ် ၁၅

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာန ၇၃ ခုတွင် တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ်နှင့် ရူပဗေဒ ဘာသာရပ်တို့တွင် ယနေ့နံနက် ၉ နာရီက ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်း ပျော်ရွှင်စွာဖြင့် ဖြေဆိုခဲ့ကြသည်။



တက္ကသိုလ်ဝင် စာမေးပွဲ မြန်မာစာ ဘာသာရပ်နေ့တွင် ကျောင်းသား ကျောင်းသူ ၁၈၀၅၆ ဦး၊ အင်္ဂလိပ်စာ ဘာသာရပ်နေ့တွင် ၁၈၀၄၅ ဦး၊ သင်္ချာဘာသာရပ်နေ့တွင် ၁၈၀၄၄ ဦး၊ ပထဝီဝင်နှင့်ဓာတုဗေဒဘာသာရပ်နေ့၌ ကျောင်းသား ကျောင်းသူ ၁၈၀၃၄ ဦးနှင့် ယနေ့ သမိုင်းဘာသာရပ်နှင့် ရူပဗေဒ ဘာသာရပ်တို့တွင် ၁၈၀၂၉ ဦး ဖြေဆိုခဲ့ကြသည်။

ယနေ့ ဘာသာရပ်နှစ်မျိုး ဖြေဆိုသောနေ့တွင် သမိုင်းဘာသာရပ်အား ကျောင်းသား ကျောင်းသူ ၁၀၂၉ ဦးဖြေဆိုခဲ့ပြီး ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁)အထက်တန်းကျောင်း စာစစ်ဌာန၌ အမြင်အာရုံမသန်စွမ်းသူ သုံးဦးနှင့် အင်းစိန် အကျဉ်းဦးစီးရှိ အမှတ် (၁၃) အလယ်တန်းကျောင်း စာစစ်ဌာန၌ အကျဉ်းသား ခုနစ်ဦး သမိုင်းဘာသာရပ်ကို ဖြေဆိုခဲ့ကြသည်။ ရူပဗေဒဘာသာရပ်တွင် ကျောင်းသား ကျောင်းသူ ၁၇၀၀၀ ဖြေဆိုခဲ့ကြပြီး အမြင်အာရုံမသန်စွမ်းသူ သုံးဦး၊ ကိုယ်အင်္ဂါမသန်စွမ်းသူ နှစ်ဦးနှင့် ကမာရွတ်မြို့နယ်၊ တာမွေမြို့နယ်၊ သာကေတမြို့နယ်နှင့် ခရမ်းမြို့နယ်တို့မှ လေးဦးတို့သည် ဆေးရုံများမှ ဖြေဆိုခဲ့ကြသည်။

ရန်ကုန်တိုင်း ဒေသကြီး အတွင်းရှိ စာစစ်ဌာန ၇၃ ခုတွင် သမိုင်းဘာသာရပ်နှင့် ရူပဗေဒ ဘာသာရပ်တို့အား ဖြေဆိုခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၁၈၀၂၉ ဦးတို့သည် ယနေ့တွင်လည်း ဘာသာရပ်များကို စိတ်အေးချမ်း ပျော်ရွှင်စွာဖြင့် ဖြေဆိုခဲ့ကြသည်။ ၂၀၂၄ ခုနှစ်၏ တက္ကသိုလ်ဝင်စာမေးပွဲသည် Grade 12 သင်ရိုးသစ်၊ စနစ်သစ်ဖြင့် ဖြေဆိုရခြင်းဖြစ်ပြီး ကျောင်းသား ကျောင်းသူများ သက်ဆိုင်ရာ ဘာသာရပ်များနှင့် မေးခွန်းပုံစံများကို သိရှိနားလည်စေရန် ဆရာ ဆရာမများအား သင်တန်းများ ပို့ချပေးခဲ့သည့်နည်းတူ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စာစစ်ဌာနတို့မှ ထုတ်ဝေသည့် Grade 12 သင်ရိုးသစ်နှင့်ပတ်သက်သည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံများကိုလည်း ကျောင်းများ၌ လေ့ကျင့်သင်ကြားပေးခဲ့ရာ နွေရာသီကျောင်းပိတ်ရက်တွင်လည်း သင်ရိုးသစ်ဘာသာရပ်များနှင့် စပ်လျဉ်း၍ ဆရာ ဆရာမများအား မွန်းမံသင်တန်းများအဖြစ် လေ့ကျင့်သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ – မောင်သီဟ**

◆*ကျောဖုံးမှ*

ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ခဲ့ရာ ကုန်သွယ်မှုဆက်စပ်ဌာနများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်း၊ MACCS User များအတွက် စနစ်အသုံးပြုမှုဆိုင်ရာ စာတွေ့လက်တွေ့ သင်တန်းများ ဖွင့်လှစ်ပို့ချခြင်းနှင့် စနစ်စမ်းသပ်အသုံးပြုခြင်း (Running Test) တို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၃။ အကောက်ခွန်ဦးစီးဌာနသည် တာချီလိတ်နယ်စပ်ဒေသနှင့် ဆက်စပ်သည့် ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်ရှိ စစ်ဆေးရေးစခန်းများတွင် တင်သွင်း/ တင်ပို့လုပ်ငန်းများနှင့် ဆက်စပ်သည့် အကောက်ခွန်ဆိုင်ရာ ကုန်ပစ္စည်းရှင်းလင်းရေးလုပ်ငန်းစဉ်များကို MACCS စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်သဖြင့် တာချီလိတ်နယ်စပ်ဒေသတွင် တင်သွင်း/ တင်ပို့လုပ်ငန်းများ ဆောင်ရွက်နေသည့် ကုမ္ပဏီများနှင့် အကောက်ခွန်ဝန်ဆောင်မှု ဆောင်ရွက်သူများအနေဖြင့် အကောက်ခွန်ဆိုင်ရာ ကုန်ပစ္စည်းရှင်းလင်းရေးလုပ်ငန်းစဉ်များကို (၂၂.၃.၂၀၂၄) ရက်နေ့မှစ၍ MACCS စနစ်ဖြင့် ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

❊ *ကျောဖုံးမှ*

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နွေကာလဖြစ်သည့် မတ်လ၊ ဧပြီလနှင့် မေလများအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့် ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ရေကြောင်းခရီးစဉ်များအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

❖*ကျောဖုံးမှ*

မန်စီးတီးအသင်းက လာလီဂါနာမည်ကြီး ရီးရဲမက်ဒရစ်အသင်းနှင့် တွေ့ဆုံနေသည်။ မန်စီးတီးအသင်းသည် ရှုံးထွက်အဆင့်တွင် ရီးရဲမက်ဒရစ်အသင်းနှင့် သုံးနှစ်ဆက် တွေ့ဆုံမှုဖြစ်ကြောင်း သိရသည်။ မန်စီးတီးနှင့် ရီးရဲမက်ဒရစ်အသင်းတို့သည် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ စုစုပေါင်း ၁၀ ကြိမ် တွေ့ဆုံထားပြီး မန်စီးတီးက လေးကြိမ်နှင့် ရီးရဲမက်ဒရစ်က သုံးကြိမ် နိုင်ပွဲရရှိထားကာ သုံးကြိမ်သရေကျထားသည်။

အက်သလက်တီကို မက်ဒရစ်က ဒေါ့မွန်၊ ပီအက်စ်ဂျီက ဘာစီလိုနာအသင်းတို့ တွေ့ဆုံနေသည်။ ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်များကို လာမည့် ဧပြီ ၉ ရက်၊ ၁၀ ရက်တွင်လည်းကောင်း၊ ဒုတိယ အကျော့ကို ဧပြီ ၁၆ ရက်၊ ၁၇ ရက်တွင်လည်းကောင်း ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ယခုနှစ်တွင် ချန်ပီယံလိဂ် ကွာတားဖိုင်နယ်သို့ ပရီမီယာလိဂ်မှ အာဆင်နယ်နှင့် မန်စီးတီး၊ ဘွန်ဒက်စ်လီဂါမှ ဘိုင်ယန်မြူးနစ်နှင့် ဒေါ့မွန်၊ လာလီဂါမှ ရီးရဲမက်ဒရစ်၊ ဘာစီလိုနာ၊ အက်သလက်တီကိုမက်ဒရစ်၊ လီဂူးဝမ်းမှ ပီအက်စ်ဂျီအသင်းတို့ တက်လှမ်းနိုင်ခဲ့သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ မဲခွဲရွေးချယ်မှုတွင် အက်သလက်တီကိုမက်ဒရစ်နှင့် ဒေါ့မွန်အသင်းတို့ထဲမှ အနိုင်ရရှိမည့်အသင်းသည် ပီအက်စ်ဂျီနှင့် ဘာစီလိုနာအသင်းတို့ထဲမှ အနိုင်ရရှိမည့်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အာဆင်နယ်နှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ထဲမှ အနိုင်ရရှိမည့်အသင်းသည် ရီးရဲမက်ဒရစ်နှင့် မန်စီးတီးအသင်းတို့ထဲမှ အနိုင်ရရှိမည့်အသင်းနှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။

**အောင်ဇော်**

❍*ကျောဖုံးမှ*

၁၀ မိနစ်တွင် နိုင်လင်းထွန်းကျော်၊ ၁၆ မိနစ်တွင် အောင်ဇင်ဦးတို့က ဂိုးများသွင်းယူခဲ့သည်။ ပထမပိုင်းတွင် အရေးနိမ့်နေသည့် MIU အသင်းသည် ဒုတိယပိုင်းတွင် ချေပဂိုးရရန် ကြိုးပမ်းလာပြီး ၂၈ မိနစ်တွင် အမ်ပိုလ်က သွင်းယူခဲ့သည်။ MIU အသင်းသည် ချေပဂိုးထပ်မံရရှိရန် ကြိုးပမ်းသော်လည်း VUC အသင်းက အနိုင်ရလဒ် ထိန်းကစားခဲ့သည်။ ဗိုလ်လုပွဲ ပထမပွဲတွင် MIU အသင်းက ပယ်နယ်တီအဆုံးအဖြတ်တွင် အနိုင်ရပြီး ဒုတိယပွဲနှင့် တတိယပွဲတွင် VUC အသင်းက နှစ်ဂိုး-တစ်ဂိုးရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ အသန့်ရှင်းဆုံးအသင်းဆုရရှိသော ဖူဆယ်ချစ်သူအသင်းကို ဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်း၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး ဂိုးသမားဆုရရှိသော MIU အသင်းမှ ညီညီသန့်ကို ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သုံးသိန်း၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး ကစားသမားဆုရရှိသော VUC အသင်းမှ မျိုးမြင့်စိုးကို ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သုံးသိန်း၊ ပြိုင်ပွဲတွင် စတုတ္ထဆုရရှိသော Winner Soccer အသင်းကို ဆုကြေးငွေကျပ် ၁၀ သိန်း၊ တတိယဆု ရရှိသော Generation အသင်းကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သိန်း ၃၀၊ ဒုတိယဆု ရရှိသော MIU အသင်းကိုတစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၅၀၊ ပထမဆု ရရှိသော VUC အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၁၀၀၊ ချန်ပီယံ ဆုဖလားတို့ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ–MFF**

ကမ္ဘာ့ရေနေ့အကြို ဂုဏ်ပြုဆောင်းပါး

# ငြိမ်းချမ်းသာယာဝပြောရေး ရေကဏ္ဍကို မြှင့်တင်ပေး

■ လင်းလက်နေခြည် ■

သဘာဝသယံဇာတ အရင်းအမြစ်များသည် ပြန်လည်ဖန်တီးရယူ၍ မရနိုင်သော အရာများပင်ဖြစ်သည်။ လူသားများအပါအဝင် သက်ရှိသတ္တဝါများ ရှင်သန်နေထိုင်ကြသည့် ကမ္ဘာမြေကြီး၏ ၇၀ ရာခိုင်နှုန်းကျော်ကို ရေထုက ဖုံးလွှမ်းထားသည်။ ရေထုအားလုံး၏ ၉၅ ရာခိုင်နှုန်းကျော်သည် ပင်လယ်သမုဒ္ဒရာများတွင် တည်ရှိနေသဖြင့် ရေငန်များသာဖြစ်ပြီး သောက်ရေအဖြစ်အသုံးပြုနိုင်သည့် ရေပမာဏမှာ ၃ ဒသမ ၅ ရာခိုင်နှုန်းခန့်သာရှိသည်ဟု သိရသည်။

## ရေသည်အသက်

ရေသည် လူတို့အသက်ရှင်ရေးအတွက် မရှိမဖြစ်လိုအပ်သည်။ လူတစ်ယောက်အနေဖြင့် နေ့စဉ် ရေကိုးခွက် (၂ လီတာခန့်) မှ ၁၃ ခွက် (၃ လီတာခန့်) သောက်သုံးသင့်သည်ဟု ဆေးပညာရှင်များက အကြံပြုထားသည်။ လူတစ်ယောက်၏ ခန္ဓာကိုယ်တွင် ရေဓာတ် ၆၀ ရာခိုင်နှုန်းခန့် ပါဝင်သည်။ နှလုံးနှင့် ဦးနှောက်၏ ၇၃ ရာခိုင်နှုန်းခန့်၊ အဆုတ်၏ ၈၃ ရာခိုင်နှုန်းခန့်၊ အရေပြား၏ ၆၄ ရာခိုင်နှုန်းခန့်၊ ကြွက်သားနှင့် ကျောက်ကပ်၏ ၇၉ ရာခိုင်နှုန်းခန့်၊ အရိုးများ၏ ၃၁ ရာခိုင်နှုန်းခန့်ကို ရေဓာတ်ဖြင့် ဖွဲ့စည်းထားသည်ဟု သိရသည်။

## ရောဂါပျောက်စေသည့်ဆေး

ရေသည် မိမိတို့၏ ခန္ဓာကိုယ်ကို များစွာအကျိုးပြုသည်။ ပင်ပန်းနွမ်းနယ်နေသည့်အချိန်တွင် ရေတစ်ခွက်သောက်လိုက်ရသည့်အခါ ရရှိလိုက်သော လန်းဆန်းတက်ကြွမှုသည် မည်သည့်အရာနှင့်မျှ မလဲနိုင်ပေ။ ခန္ဓာကိုယ်အတွင်းရှိ ဆဲလ်များကို သန်စွမ်းကျန်းမာစေခြင်း၊ ခန္ဓာကိုယ်အပူချိန်ကို ထိန်းညှိပေးခြင်း၊ သွေးလည်ပတ်မှုကို ကောင်းမွန်စေခြင်း၊ ခန္ဓာကိုယ်အတွက် မလိုအပ်သည့် အရာများကို စွန့်ထုတ်ရန်အတွက် အထောက်အကူပြုခြင်း၊ ဦးနှောက်ကို လန်းဆန်းစေခြင်း၊ အရိုးများကို သန်မာစေခြင်း၊ အစာခြေစနစ်ကို အားကောင်းစေခြင်း၊ ခန္ဓာကိုယ်အနံ့ အောက်ဆီဂျင်ကို ပျံ့နှံ့စေခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိစေနိုင်သည်။ သတ္တဝါများ၏ ဇီဝကမ္မဖြစ်စဉ်ကို ကောင်းမွန်စေပြီး လိုအပ်သော အာဟာရဓာတ်အများစုကို ဖြည့်တင်းပေးသည်။

လူတစ်ယောက်အနေဖြင့် အသက်ရှင်သန်နိုင်ရေးအတွက် ပထမဦးစွာ မိခင်နို့ရည်ကို သောက်သုံးရသည်။ မိခင်နို့ရည်တွင် ရေဓာတ် ၈၇ ရာခိုင်နှုန်းခန့်ပါဝင်သည်ဟု သိရသဖြင့် ရေဓာတ်သည် လူ့ဘဝကနဦးအစကတည်းက လိုအပ်ခဲ့သည်ကို သတိပြုသင့်ပေသည်။ ရေဓာတ်ဆုံးရှုံးသည့်အခါ ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများစွာ ရရှိနိုင်သည်။ ခန္ဓာကိုယ်အတွင်း ရေဓာတ်ခန်းခြောက်သွားသည့်အခါ ဆီးနှင့် ဆီးလမ်းကြောင်းဆိုင်ရာ ရောဂါများနှင့် ကျောက်ကပ်ရောဂါများကို ဖြစ်ပေါ်စေသည်။ ရေသည် ခန္ဓာကိုယ်ကို လန်းဆန်းတက်ကြွစေသည့် ဆေးတစ်ခွက်ပင်ဖြစ်သည်။ ခန္ဓာကိုယ်ပြင်ပရှိ အညစ်အကြေးများသန့်စင်စေရန်နှင့် ခန္ဓာကိုယ် လန်းဆန်းစေရန် ရေကိုအသုံးပြုရသည်။ ခန္ဓာကိုယ်အတွင်းရှိ အညစ်အကြေးများ သန့်စင်စေရန်နှင့် ခွန်အားဖြစ်စေရန်အတွက် ရေကိုသောက်သုံးရသည်။

## အခြေခံလူ့အခွင့်အရေး

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က လုံခြုံစိတ်ချရသည့် သန့်ရှင်းသော သောက်ရေသုံးရေရရှိရေးသည် ပြည်သူ့ကျန်းမာရေးလုပ်ငန်းစဉ်အတွက် အလွန်အရေးကြီးကြောင်းနှင့် ရေသယံဇာတချွေတာရေးနှင့် သန့်ရှင်းသော သောက်ရေသုံးရေ ရရှိရေးကို ကမ္ဘာ့နိုင်ငံများက အလေးထားဆောင်ရွက်သင့်ကြောင်း တင်ပြထားသည်။ ရေသည် လူသားတို့အတွက် အလွန်အရေးကြီးသဖြင့် သန့်ရှင်းသော၊ လုံခြုံစိတ်ချရသော၊ ဘေးအန္တရာယ်ကင်းရှင်းသော သောက်ရေသုံးရေရရှိရေးသည် လူသားတိုင်း၏ အခြေခံလူ့အခွင့်အရေးပင်ဖြစ်သည်ဟု ကုလသမဂ္ဂက သတ်မှတ်ခဲ့သည်။

## လိုအပ်သည့် မူဝါဒလုပ်ထုံးလုပ်နည်းများ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည့် အချက်အလက်များအရ ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့လူဦးရေ ၁ ဒသမ ၇ ဘီလီယံသည် သန့်ရှင်းမှုမရှိသော၊ ရောဂါပိုးမွှားများပါဝင်သော၊ ညစ်ညမ်းသော ရေများကို သောက်ရေအဖြစ် အသုံးပြုခဲ့ရသည်ဟု သိရသည်။ သန့်ရှင်းမှုမရှိသောရေကို သောက်သုံးခြင်းဖြင့် ဝမ်းပျက်ဝမ်းလျှော၊ ကာလဝမ်းရောဂါ၊ တိုက်ဖွိုက်နှင့် ပိုလီယိုကဲ့သို့သော ရောဂါများ ဖြစ်ပွားစေနိုင်ပြီး ကမ္ဘာပေါ်တွင် နှစ်စဉ်ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် သေဆုံးသူ ၅၀၅၀၀၀ ခန့်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခန့်မှန်းထားသည်။ ရေသည် လူသားများ၏ နေ့စဉ်လူနေမှုဘဝများအတွက် မရှိမဖြစ်လိုအပ်နေသဖြင့် ရှိရင်းစွဲရေသယံဇာတများကို ညစ်နွမ်းသွားခြင်းနှင့် ဆုံးရှုံးသွားခြင်းမရှိစေရန် လိုအပ်သည့် မူဝါဒလုပ်ထုံးလုပ်နည်းများကို ချမှတ်ထားရန်လိုအပ်သည်။

> ❋ ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံရှိ အိမ်ထောင်စုအားလုံး၏ ၈၁ ဒသမ ၇ ရာခိုင်နှုန်းသည် အခြေခံ (အနိမ့်ဆုံး) သောက်သုံးရေဝန်ဆောင်မှုမှရရှိသောရေကို အသုံးပြုနေကြရပြီး ၄၁ ဒသမ ၄ ရာခိုင်နှုန်းသည်သာ သန့်ရှင်းပြီး ဘေးကင်းစင်သော သောက်သုံးရေဝန်ဆောင်မှုကို အသုံးပြုကြရသည်ကိုတွေ့ရသည်။ မြို့ပြ၌ ၆၃ ဒသမ ၈ ရာခိုင်နှုန်းနှင့် ကျေးလက်၌ ၃၂ ဒသမ ၇ ရာခိုင်နှုန်းသော အိမ်ထောင်စုများသည် သန့်ရှင်းပြီး ဘေးကင်းသော သောက်သုံးရေဝန်ဆောင်မှုကို ရယူသုံးစွဲနိုင်

## ချွေတာသုံးစွဲကြပါစို့

ကမ္ဘာကြီးပူနွေးလာမှုအပါအဝင် ရာသီဥတုဖောက်ပြန်မှုများကြောင့် မိုးခေါင်ရေရှားခြင်း၊ ရေကြီးခြင်း၊ ရေခဲမြစ်များ အရည်ပျော်လာခြင်းစသည့် ဖြစ်စဉ်များသည်လည်း ကမ္ဘာ့ရေသယံဇာတများကို ဆုံးရှုံးစေသည်ဟု ကုလသမဂ္ဂက ထောက်ပြထားသည်။ လူသားများ၏ လူနေမှုအဆင့်အတန်းများ မြင့်မားလာစေရေးနှင့် နိုင်ငံများ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးပုံဖော်ရာတွင် ရေသယံဇာတ ရေရှည်တည်တံ့ရရှိရေးသည် အရေးကြီးသဖြင့် ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ ပန်းတိုင် (၆)တွင် “လူသားတိုင်း လက်လှမ်းမီရရှိသော သောက်သုံးရေနှင့် မိလ္လာစနစ်ရရှိရေးနှင့် စဉ်ဆက်မပြတ်သော စီမံခန့်ခွဲမှုဖြစ်ပေါ်စေရေး” နှင့် ပန်းတိုင် (၁၄) တွင် “စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေရန် ပင်လယ်၊ သမုဒ္ဒရာနှင့် ရေချိုသယံဇာတများကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ရေရှည်တည်တံ့နိုင်သည့် နည်းလမ်းဖြင့် အသုံးပြုရေး” ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံအားလုံးသို့ တိုက်တွန်းထားသည်ကို တွေ့ရသည်။

စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ အကောင်အထည်ဖော်နိုင်မှု အစီရင်ခံစာ ၂၀၂၃ (SDGs Report–2023)ဖော်ပြချက်များအရ ၂၀၂၀ ပြည့်နှစ်အတွင်း ကမ္ဘာပေါ်တွင် လူဦးရေ ၂ ဒသမ ၄ ဘီလီယံခန့်သည် ရေရှားပါးသောနိုင်ငံများတွင် ခက်ခဲစွာ အသက်ရှင်နေထိုင်ရသည်ကိုတွေ့ရသည်။ ၂၀၂၂ ခုနှစ်အတွင်း ကမ္ဘာ့လူဦးရေ ၂ ဒသမ ၂ ဘီလီယံသည် လုံခြုံစိတ်ချရသော သောက်ရေကို မရရှိခဲ့ကြောင်းတွေ့ရသည်။ ရာသီဥတုဖောက်ပြန်မှု၊ သဘာဝပတ်ဝန်းကျင်ညစ်နွမ်းမှုများကြောင့် ရေသယံဇာတများ ဆုံးရှုံးလာသဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး၊ သစ်တောပြုန်းတီးမှုများ ကာကွယ်ရေးစသည့် လုပ်ငန်းများကိုလည်း ကမ္ဘာ့နိုင်ငံများက အလေးထားဆောင်ရွက်လာကြသည်။

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံရှိ အိမ်ထောင်စုအားလုံး၏ ၈၁ ဒသမ ၇ ရာခိုင်နှုန်းသည် အခြေခံ (အနိမ့်ဆုံး) သောက်သုံးရေဝန်ဆောင်မှုမှရရှိသောရေကို အသုံးပြုနေကြရပြီး ၄၁ ဒသမ ၄ ရာခိုင်နှုန်းသည်သာ သန့်ရှင်းပြီး ဘေးကင်းစင်သော သောက်သုံးရေဝန်ဆောင်မှုကို အသုံးပြုကြရသည်ကိုတွေ့ရသည်။ မြို့ပြ၌ ၆၃ ဒသမ ၈ ရာခိုင်နှုန်းနှင့် ကျေးလက်၌ ၃၂ ဒသမ ၇ ရာခိုင်နှုန်းသော အိမ်ထောင်စုများသည် သန့်ရှင်းပြီး ဘေးကင်းသော သောက်သုံးရေဝန်ဆောင်မှုကို ရယူသုံးစွဲနိုင်ပြီး မြို့ပြအိမ်ထောင်စုအားလုံး၏ ၃ ဒသမ ၇ ရာခိုင်နှုန်းသည် မြေပေါ်ရေဖြစ်သည့် မြစ်၊ ချောင်း၊ ဆည်၊ ကန်၊ တူးမြောင်းလက်တံတို့မှ သောက်သုံးရေကို အသုံးပြုပြီး ကျေးလက်၌ အိမ်ထောင်စု ၁၅ ဒသမ ၈ ရာခိုင်နှုန်းသည် ယင်းမြေပေါ်ရေကို သောက်သုံးရေအဖြစ် အသုံးပြုကြရသည်ဟု သိရသည်။




## ရေသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းများ

ရေအရင်းအမြစ် စီမံခန့်ခွဲရေးလုပ်ငန်းများအပါအဝင် ရေဝေရေလဲဒေသများ ထိန်းသိမ်းရေး၊ ရေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး၊ မြစ်ချောင်းအင်းအိုင်ကန်များ စသည့် ရေအရင်းအမြစ်များကို ကာကွယ်ထိန်းသိမ်းရေး စသည့်လုပ်ငန်းများကို သက်ဆိုင်ရာဌာနများက စီစဉ်ဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။ ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများနှင့် ရေဆိုင်ရာအခက်အခဲပြဿနာများကို ဖြေရှင်းနိုင်ရန် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲရေး ဗဟိုကော်မတီ၊ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၊ အမျိုးသား သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီတို့ကို စနစ်တကျဖွဲ့စည်းထားပြီး သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရေသယံဇာတထိန်းသိမ်းရေး လုပ်ငန်းများကို နိုင်ငံတော်က အင်တိုက်အားတိုက် ဆောင်ရွက်နေသည်။

ရေသယံဇာတဆိုသည်မှာ ဖန်တီးရယူနိုင်သည့် အရာ မဟုတ်သဖြင့် ရှိရင်းစွဲရေသယံဇာတများကို ခြိုးခြံချွေတာသုံးစွဲရန် လိုအပ်သည်။ နိုင်ငံတော်အနေဖြင့် ရေရှားပါးသည့်ဒေသများတွင် သောက်သုံးရေအတွက် စိမ့်စမ်းရေသွယ်တန်းပေးခြင်း၊ အဝီစိတွင်းများ တူးဖော်ပေးခြင်း၊ ဆည်တာတမံများ ဆောက်လုပ်၍ ထိန်းသိမ်းပေးခြင်း၊ မြစ်ရေတင်စီမံကိန်းများ ဖော်ဆောင်ပေးခြင်း၊ မြေအောက်ရေထိန်းတမံများဆောက်လုပ်ပေးခြင်း စသည့် ရေရရှိနိုင်မည့် နည်းလမ်းမျိုးစုံဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ရေချွေတာရေး နည်းလမ်းများစွာရှိသည့်အနက် လူတိုင်းလွယ်လင့်တကူ လိုက်နာဆောင်ရွက်နိုင်သည့် နည်းလမ်းများကို နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းဖော်ပြ၍ ရေသယံဇာတကို ချွေတာကြရန် နှိုးဆော်နေသည်။ “သွားတိုက်နေစဉ် ဘုံပိုင်ခေါင်းပိတ်ထားရန်၊ ယာဉ်များဆေးကြောလျှင် ရေပိုက်အသုံးမပြုရန်၊ ရေဖြည့်ထားသောပုံးများဖြင့် ယာဉ်များကို ဆေးကြောရန်” စသည့် အခြေခံရေချွေတာရေးနည်းလမ်းများကို အသုံးပြုခြင်းဖြင့် မတ် ၂၂ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ရေနေ့အတွက် ချမှတ်ထားသည့် “ငြိမ်းချမ်းသာယာဝပြောရေး ရေကဏ္ဍကို မြှင့်တင်ပေး – Water for Peace” ဆိုသည့် ဆောင်ပုဒ်နှင့်အညီ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် ရေသယံဇာတကို ချွေတာနိုင်ကြပါစေကြောင်း ရည်ရွယ်တင်ပြလိုက်ရပါသည်။ ။

***ကိုးကား–*** နေ့စဉ်ထုတ် သတင်းစာများ။

# ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများ ပေးပို့

**နေပြည်တော် မတ် ၁၅**

အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ညွှန်ကြားမှုအရ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်း ကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများကို ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ MV Sun Shine ရေယာဉ်သည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပေးပို့သည့် ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ ကျန်းမာရေး သုံးပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်း များ၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့က မှာယူသည့် Transformer ၁၁ လုံး၊ လျှပ်စစ်သုံး ဆက်စပ်ပစ္စည်းများ၊ ဆောက်လုပ်ရေး သုံးပစ္စည်းများ၊ စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများ၊ ရုံးသုံးပရိဘောဂ များ အပါအဝင် စုစုပေါင်းတန် ၁၅၆၁ ဒသမ ၄၀ တင်ဆောင်၍ ယမန်နေ့က စစ်တွေမြို့ သို့ ထွက်ခွာသွားကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

## ထားဝယ်မြို့၌ ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ အခမ်းအနားကျင်းပ

**ထားဝယ် မတ် ၁၅**

"မျှတအလေးမူ တာဝန်ယူ၊ စားသုံးသူအကျိုးပြု ဉာဏ်ရည်တု" ဆောင်ပုဒ်နှင့်အညီ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်ထွန်း က ယနေ့အချိန်အခါတွင် AI နည်းပညာသည် ကမ္ဘာနှင့်အဝန်းအသုံးချလာပြီဖြစ်သောကြောင့် စားသုံးသူများဖြစ်ပေါ်လာသော အခက်အခဲများကို AI နည်းပညာ အသုံးချပြီး အကြံဉာဏ်များ အလွယ်တကူရယူနိုင်ပြီးဖြစ်ကြောင်း၊ စားသုံးသူအခွင့်အရေး (၈)ရပ်ကိုကောင်းမွန်စွာ သိရှိနားလည်၍ မှန်ကန်စွာရယူပိုင်ဆိုင်ကာ အခွင့်အရေးဆုံးရှုံးမှုဖြစ်ပေါ်လာတိုင်း စားသုံးသူကာကွယ်ရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ သက်ဆိုင်ရာကော်မရှင်၊ ကော်မတီ၊ ဦးစီးဌာနများတွင် ဖြေရှင်းဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများအနေဖြင့် ကျင့်ဝတ်နှင့်အညီ ဝန်ဆောင် မှုများ၊ ထုတ်ကုန်ပစ္စည်းများကို အတ္တပရမျှတစွာ တိုးတက်ထုတ်လုပ်ရင်း စားသုံးသူပြည်သူများအတွက် ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ် Video Clip များပြသရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများက ကြည့်ရှုအားပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ချောက်မြို့၌ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ် လှုပ်ရှားမှုဆောင်ရွက်

**ချောက် မတ် ၁၅**

မကွေးတိုင်းဒေသကြီး ချောက်မြို့၌ ကမ္ဘာ့စားသုံးသူအခွင့်အရေးများ နေ့ အထိမ်းအမှတ်လှုပ်ရှားမှုများကို ဂုဏ်ပြုသောအားဖြင့် ယမန်နေ့က ချောက်မြို့ မြို့မဈေးနှင့် အစိုးရစက်မှု၊ လက်မှုသိပ္ပံကျောင်းရှိ ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူများအား အစားအသောက်များ ကို ဘေးအန္တရာယ်ကင်းရှင်းစွာ ဝယ်ယူစားသောက်နိုင်ရေးတို့အတွက် စားသုံးသူများသိရှိရမည့်အချက်အလက်များကို ဆွေးနွေးပြောကြားပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။



အဆိုပါလှုပ်ရှားမှုကို မြို့နယ်စားသုံးသူရေးရာ ဦးစီးဌာနနှင့် မြို့နယ် ဌာနဆိုင်ရာများကပူးပေါင်းပြီး ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရ သည်။

**မြတ်မြတ်မိုး(Doca chauk)**

## ပေါင်မြို့နယ်၌ မီးဘေးအန္တရာယ် အသိပညာပေး

**ပေါင် မတ် ၁၅**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ မီးဘေးအန္တရာယ် အသိပညာပေးခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက ကဒါရပ်ကွက်



မင်္ဂလာဈေး၌ပြုလုပ်ရာ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမြတ်ကိုကိုက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး မီးသတ်ဆေးဘူးအသုံးပြုပုံ၊ မီးငြိမ်းသတ်နည်းနှင့် မီးလောင်မှုဖြစ်ပွား လာပါက မီးငြိမ်းသတ်ယာဉ်များဖြင့် ပူးပေါင်းလေ့ကျင့်ဆောင်ရွက် သည်။

ထို့နောက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ပိတ်မိနေသူများအား ကယ်ထုတ်ခြင်း၊ ထိခိုက်ဒဏ်ရာရရှိသူများအား ရှေးဦးသူနာပြုစုခြင်း စသည့် သရုပ်ပြလေ့ကျင့်ခြင်းလုပ်ငန်းများကို မီးသတ်တပ်ဖွဲ့ဝင်များ၊ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်း အောင်နှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြောင်း သိရသည်။

**မွန်မလေး (ပြန်/ဆက်)**

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် မတ် ၁၅**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Win Motor Myanmar Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Volkswagen ID6 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်နှင့် Earth Renewable Energy Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD E2 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၅ - ၃ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၃၅ ကျပ် | ၂၄၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၈၀ ကျပ် | ၂၅၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၃၀ ကျပ် | ၂၇၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၄၅ ကျပ် | ၂၈၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၅၀၀ | ၈၅၀၀ | ၁၅၆ | ၁၃၂၆၀၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၁၀၂ | ၂၉၅၈၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၁ | ၇၈၀၀ |
| FPB | ၁၅၀၀ | ၁၅၀၀ | ၇၉ | ၁၁၈၅၀၀ |
| TMH | ၂၄၅၀ | ၂၄၅၀ | ၂ | ၄၉၀၀ |
| EFR | ၁၇၅၀ | ၁၇၅၀ | ၁၅ | ၂၆၂၅၀ |
| AHPC | ၀ | ၀ | ၀ | ၀ |
| MAEPC | ၁၇၅၀ | ၁၇၅၀ | ၃၈၈၀ | ၆၆၉၉၆၉၀ |

# ဒိုက်ဦးဗဟိုအကျဉ်းထောင်တွင် နိုင်ငံရေးအကျဉ်းသားတစ်ဦး ဆေးကုသမှု လုံလောက်စွာမရရှိဘဲ သေဆုံးဟု မဟုတ်မမှန်လုပ်ကြံရေးသား

**နေပြည်တော် မတ် ၁၅**

ဒိုက်ဦးအကျဉ်းထောင်တွင် နိုင်ငံရေး အကျဉ်းသား ဦးခင်စိုးသည် အကျဉ်းထောင်အတွင်း ဆေးကုသမှု လုံလောက်စွာ မရရှိဘဲ ဆီးချုပ်၊ ဝမ်းချုပ်ရောဂါဖြင့် သေဆုံးသွားကြောင်း RFA သတင်းဌာနက မတ် ၇ ရက်တွင် မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ အကျဉ်းသား ဦးခင်စိုးသည် အကြမ်းဖက်သမားများမှန်းသိလျက် သတင်းပေးပို့ရန် ပျက်ကွက်ခြင်းနှင့် အကြမ်းဖက်သမားအား စပါးထောက်ပံ့ခဲ့ခြင်းကြောင့် ပြစ်ဒဏ်ကျခံနေရသူ ဖြစ်ကြောင်း၊ ထိုအကျဉ်းသားသည် အကျဉ်းထောင်သို့ ရောက်သည့်အချိန်မှစ၍ အထွေထွေ အားနည်းရောဂါနှင့် သွေးအားနည်းခြင်းရောဂါဖြင့် အကျဉ်းထောင်ဆေးရုံ၌ ၁၂ ကြိမ် ဆေးဝါးကုသမှု ခံယူခဲ့ကြောင်း။

ထို့ပြင် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် အကျဉ်းထောင်ဆေးရုံသို့ဆေးခန်းလာပြသဖြင့် ဆေးရုံအုပ်က စစ်ဆေးရာသွေးအားနည်းရောဂါအပြင် အစာအိမ်ရောဂါလက္ခဏာ ခံစားနေရကြောင်းတွေ့ရ၍ အနီးကပ်ကုသရန် အကျဉ်းထောင်ဆေးရုံသို့ ပြောင်းရွှေ့ကုသစေခဲ့ကြောင်း၊ အကျဉ်းသား၏ ပြောဆိုချက်အရ အကျဉ်းထောင်သို့မရောက်မီ ပြင်ပတွင် နေထိုင်စဉ်က အစာအိမ်ရောဂါ ခံစားနေသူ ဖြစ်ကြောင်း သိရှိရ၍ အကျဉ်းထောင် ဆေးရုံအုပ်က နေ့စဉ် ကျန်းမာရေး ကြည့်ရှုစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း ဒိုက်ဦးအကျဉ်းထောင်တာဝန်ရှိသူထံမှ သိရသည်။

သို့သော် ၂၀၂၄ ခုနှစ် မတ် ၆ ရက်တွင် ရောဂါသက်သာလာခြင်းမရှိ၍ အကျဉ်းထောင်ဆေးရုံအုပ်က တာဝန်ခံအရာရှိအား သတင်းပို့ပြီး ဒိုက်ဦးမြို့နယ် ပြည်သူ့ဆေးရုံသို့ တင်ပို့ကုသရန် ပို့ဆောင်စဉ် လမ်းခရီး၌ သေဆုံးခဲ့ခြင်း ဖြစ်ကြောင်း၊ အကျဉ်းထောင်ဥပဒေအရ နေမကောင်းသူကို ဆေးကုသခွင့်ပေးရပြီး လိုအပ်ပါက ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းကုသပေးလျက်ရှိသည့်အတွက် RFA သတင်းဌာန၏ဖော်ပြမှုသည် ပြည်သူလူထု ထင်ယောင်ထင်မှားဖြစ်စေရန် အဖျက်အမှောင့် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာ ဖြစ်သည်။ **လင်းလင်း**

# ဥရောပဝင်ခွင့်ရရေး အမှားခံလို့မရတဲ့ ဗီလာကို ဝက်စ်ဟမ်း အနိုင်ယူနိုင်မလား

**ယခုတစ်ပတ် ပရီမီယာလိဂ်ပွဲစဉ် (၂၉) မှာ တန်းဆင်းဇုန်အတွင်းမှ ဘန်လေက နောက်ဆုံးငါးပွဲဆက် နိုင်ပွဲပျောက်ဆုံးထားတဲ့ ဘရန့်ဖို့ဒ်၊ ဥရောပဝင်ခွင့်ရရေး ကြိုးပမ်းနေတဲ့ ဗီလာက ကစားပုံမာကျောတဲ့ ဝက်စ်ဟမ်းအသင်းတို့ ဆုံတွေ့နေတဲ့ ပွဲစဉ်တွေ ပါဝင်နေတာကြောင့် လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။**

| ပရီမီယာလိဂ် ပွဲစဉ် (၂၉) | |
|---|---|
| ၁၆-၃-၂၀၂၄ | စနေနေ့ |
| ဘန်လေ - ဘရန့်ဖို့ဒ် | ည ၉း၃၀ |
| လူတန် - နော့တင်ဟမ် | ည ၉း၃၀ |
| ဖူလ်ဟမ် - စပါး | နံနက် ၁၂း၀၀ |
| ၁၇-၃-၂၀၂၄ | တနင်္ဂနွေနေ့ |
| ဝက်စ်ဟမ်း - ဗီလာ | ည ၈း၃၀ |

### ဘန်လေနှင့် ဘရန့်ဖို့ဒ်

ဘန်လေက တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်ဖို့ ရမှတ်လိုအပ်ချက်ရှိနေသလို ပြိုင်ဘက်ဘရန့်ဖို့ဒ်အသင်းကလည်း နောက်ဆုံးငါးပွဲဆက် နိုင်ပွဲပျောက်ဆုံးနေတာကြောင့် နိုင်ပွဲရဖို့ လိုအပ်နေတယ်။ ခံစစ်ဆိုးရွားတဲ့ ဘန်လေအသင်း တိုက်စစ်ပိုင်းပိုထက်မြက်တဲ့ ဘရန့်ဖို့ဒ်ကို အနိုင်ရဖို့ မလွယ်ဘူး။

### ဖူလ်ဟမ်နှင့် စပါး

ဖူလ်ဟမ်အသင်းက ကစားပုံကျစ်လျစ်မှုရှိတယ် ဆိုပေမယ့် ဒီရာသီ တိုက်စစ်အကောင်းဆုံးအသင်းထဲ ပါဝင်တဲ့ စပါးအသင်းကို အသာရဖို့ ခက်မယ်။ ဖူလ်ဟမ်က အဝေးကွင်းထက် အိမ်ကွင်းစွမ်းဆောင်ရည်ကောင်းမွန်မှုရှိတယ်။ မည်သို့ပင်ဆိုစေ အဆုံးသတ်သေချာတဲ့ စပါးအသင်း နိုင်ပွဲရဖွယ်ရှိတယ်။

### လူတန်နှင့် နော့တင်ဟမ်

တန်းဆင်းဇုန်အတွင်းမှ လူတန်နှင့် တန်းဆင်းဇုန်ဖိအားရှိတဲ့ နော့တင်ဟမ်အသင်းတို့ တွေ့ဆုံမှုဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာ သေချာတယ်။ ဒီနှစ်သင်းတွေ့ဆုံတိုင်း အပြန်အလှန် သွင်းဂိုးတွေ မြင်တွေ့ရလေ့ရှိတယ်။ နော့တင်ဟမ်ထက် လူတန်အသင်းရဲ့ ရုန်းအားကို ကြည့်ရမယ်။

### ဝက်စ်ဟမ်းနှင့် ဗီလာ

ဥရောပဝင်ခွင့် တစ်နေရာစာရဖို့ မဖြစ်မနေ နိုင်ပွဲရဖို့ ခြေကုန်ထုတ်လာမယ့် ဗီလာအသင်းကို ကစားပုံမာကျောတဲ့ ဝက်စ်ဟမ်းအသင်း ဒုက္ခပေးဖွယ်ရှိတယ်။ ဗီလာအသင်းက ဒီရာသီမှာ အိမ်ကွင်းထက် အဝေးကွင်းစွမ်းဆောင်ရည် အားနည်းတယ်။ မည်သို့ပင်ဆိုစေ ဝက်စ်ဟမ်းအသင်းထက် ဗီလာ ရလဒ်ကောင်း ရရှိမယ်။

# အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားမည်

**မန်စီးတီးနဲ့ နယူးကာဆယ်၊ ချယ်ဆီးနဲ့ လက်စတာ၊ မန်ယူနဲ့ လီဗာပူး စတဲ့အသင်းတွေ ပါဝင်တဲ့ အက်ဖ်အေဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွေကို ယခု တစ်ပတ်မှာ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်အသင်း နိုင်ပွဲရပြီး နောက်တစ်ဆင့်တက်လှမ်းသွားနိုင်မလဲ စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။**

| အက်ဖ်အေဖလား ကွာတားဖိုင်နယ် | |
|---|---|
| ၁၆-၃-၂၀၂၄ | စနေနေ့ |
| ဝုဖ် - ကိုဗင်ထရီ | ည ၆း၄၅ |
| မန်စီးတီး - ကာဆယ် | နံနက် ၁၂း၀၀ |
| ၁၇-၃-၂၀၂၄ | တနင်္ဂနွေနေ့ |
| ချယ်ဆီး - လက်စတာ | ည ၇း၁၅ |
| မန်ယူ - လီဗာပူး | ည ၁၀း၀၀ |

### ဝုဖ်နှင့် ကိုဗင်ထရီ

ပရီမီယာလိဂ်မှာခြေစွမ်းကောင်းအချို့ ပြသထားနိုင်တဲ့ ဝုဖ်ကို ချန်ပီယံရှစ်ကလပ် ကိုဗင်ထရီအသင်း အကြိတ်အနယ်ကစားရဖွယ် ရှိတယ်။ ကိုဗင်ထရီက အဝေးကွင်း အလွန်အားနည်းမှုရှိတယ်။ မည်သို့ပင်ဆိုစေ အကြိတ်အနယ်ကစားပြီး ကိုဗင်ထရီကို ကျော်ဖြတ်ကာ ဝုဖ်အသင်း နောက်တစ်ဆင့်တက်ဖွယ်ရှိတယ်။

### မန်စီးတီးနှင့် ကာဆယ်

မန်စီးတီးက နယူးကာဆယ်အသင်းနဲ့ တွေ့ဆုံတိုင်း ခက်ခက်ခဲခဲ ကစားရလေ့ရှိတယ်။ ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံမှုမှာ ကာဆယ်အသင်း ရှုံးနိမ့်ထားတယ်ဆိုပေမယ့် ဂိုးရဖို့ နီးစပ်တဲ့ အခွင့်အရေး ဖန်တီးမှုမှာ မန်စီးတီးအသင်းထက် သာလွန်မှုရှိခဲ့တယ်။ အကြိတ်အနယ်ကစားပြီး ကာဆယ် ကပ်နိုင်ဖွယ်ရှိတယ်။

### ချယ်ဆီးနှင့် လက်စတာ

နည်းပြပိုချက်တီနို လက်ထက်မှာ ချယ်ဆီးရဲ့ ခြေစွမ်းက တည်ငြိမ်မှုမရှိဘူး။ အတက်၊ အကျမြန်တယ်။ မထင်မှတ်ဘဲ နိုင်ပွဲရပြီး မထင်မှတ်ဘဲ ရှုံးနိမ့်သွားတတ်တယ်။ လက်စတာက ပုံမှန်ခြေစွမ်း ပြသထားနိုင်ပေမယ့် ချယ်ဆီးကို နိုင်ပွဲရယူပြီး နောက်တစ်ဆင့် တက်လှမ်းသွားဖို့ မလွယ်ကူတဲ့ အခြေအနေမှာ ရှိတယ်။

### မန်ယူနှင့် လီဗာပူး

မန်ယူက ဒီရာသီမှာ ခြေစွမ်းပုံမှန်မရှိဘူးဆိုပေမယ့် အသင်းကြီးတွေနဲ့ တွေ့ဆုံတိုင်း ရလဒ်ကောင်းလေ့ရှိတယ်။ ဒီပွဲစဉ်က ကွာတားဖိုင်နယ် ဖြစ်တာကြောင့် ယခင်ပွဲစဉ်တွေကထက် ပြိုင်ဆိုင်မှု ပိုပြင်းထန်လာမှာပါ။ ခံစစ်ပိုင်းအားနည်းတဲ့ မန်ယူကို လီဗာပူးအသင်း နိုင်ပွဲရယူကာ နောက်တစ်ဆင့် တက်လှမ်းနိုင်ဖွယ်ရှိတယ်။

■ **မိုးဇက် - စုစည်းသည်**



# လားရှိုးမြို့ရှိ အခြေခံပညာကျောင်းများတွင် တက္ကသိုလ်ဝင်စာမေးပွဲများ အေးချမ်းစွာဖြေဆိုလျက်ရှိ

**လားရှိုး မတ် ၁၅**

လားရှိုးမြို့ရှိ အခြေခံပညာကျောင်းများတွင် ၂၀၂၃ - ၂၀၂၄ ခုနှစ်ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲများကို အေးချမ်းစွာ ဖြေဆိုလျက်ရှိကြောင်း သိရသည်။

စာမေးပွဲဖြေဆိုနေမှုများကို လားရှိုးမြို့နယ်ပညာရေးမှူး ဒေါ်အုန်းဆန်းနှင့် တာဝန်ရှိသူများက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတို့ရှိ ကျောင်းသား ကျောင်းသူများ၏ စာမေးပွဲဖြေဆိုနေမှုများကို သွားရောက်ကြည့်ရှုအားပေးကြသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်တွင် အမှတ်(၁) နှင့် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနများတွင် ရူပဗေဒဘာသာရပ်ကို ဖြေဆိုသူ ကျား ၃၅၈ ဦး၊ မ ၄၆၁ ဦး စုစုပေါင်း ၈၁၉ ဦး ဖြေဆိုခဲ့ကြပြီး ဖြေဆိုသည့်ရာခိုင်နှုန်း ၈၃ ဒသမ ၂၃ ရှိကြောင်း သိရသည်။

**စိုင်းထွန်း(လားရှိုး)**

# ရွှေပြည်သာမြို့နယ်တွင် လျှပ်စစ်ဓာတ်အားသုံးစွဲခများ ပိတ်ရက်မရှိ ပေးဆောင်နိုင်

**ရန်ကုန် မတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်တွင် နေထိုင်လျက်ရှိသော လျှပ်စစ်ဓာတ်အားရယူသုံးစွဲနေသည့် ပြည်သူများအနေဖြင့် (၂/၂၀၂၄) လမှစတင်၍ ဓာတ်အားသုံးစွဲခများကို ပေးဆောင်ကြရန် သတ်မှတ်ရက်များအတိုင်း ပေးဆောင်ခြင်းပျက်ကွက်ခဲ့ပါက လျှပ်စစ်ဓာတ်အားဖြတ်တောက်ခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း မတ် ၁၄ ရက်က မြို့နယ်လျှပ်စစ်မန်နေဂျာရုံး တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ရွှေပြည်သာမြို့နယ်အတွင်းရှိ ဓာတ်အားသုံးစွဲသူများအနေဖြင့် ဓာတ်အားခပေးဆောင်နိုင်ရန် နောက်ဆုံးပေးဆောင်ရမည့် သတ်မှတ်ရက်များဖြစ်သော လစဉ် ၁၇ ရက်၊ ၁၉ ရက်၊ ၂၁ ရက်၊ ၂၃ ရက်နှင့် ၂၅ ရက်တို့ သတ်မှတ်ထားပြီး ရက်ကြီးခါကြီးရုံးပိတ်ရက်များကလွဲ၍ ကျန်ရက်များတွင် ပိတ်ရက်များမရှိ ကောင်တာလေးခုဖွင့်၍ လျှပ်စစ်ဝန်ထမ်းများက အများပြည်သူလာရောက်၍ လျှပ်စစ်ဓာတ်အားခငွေ ပေးဆောင်မှုကို လက်ခံဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် အများပြည်သူအနေဖြင့် ကိုယ်ခွဲမရှိ အချိန်မပေးနိုင်၍ အွန်လိုင်းဝန်ဆောင်မှုများဖြစ်သော AYA Pay ၊ Wave Pay ၊ (KBZ) K Pay ၊ Mytel Pay တို့မှ ပေးဆောင်လိုပါက သတ်မှတ်နောက်ဆုံးရက်မတိုင်မီ တစ်ရက်ကြိုတင်၍ ဓာတ်အားသုံးစွဲခများ ပေးဆောင်နိုင်ကြောင်းလည်း သိရသည်။ **မြင့်သန်းကြည်( ရွှေပြည်သာ)**



## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2S/8558,Toyota Landcruiser U3A 300L/Station Wagon ယာဉ်လက်ဝယ်ရှိသူ ဦးရန်ကြားဟုန်(ခ)စောလွင် ၁၃/လကန(နိုင်)၀၀၄၂၇၄က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1H/1631, Suzuki Carry, P/U (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးသက်နိုင်ထွန်း ၁၂/ကခက(နိုင်)၀၈၆၇၆၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ နောက်လယ်ရပ်ကွက်၊ အကွက်အမှတ်-၂၅(ခ) နောက်လယ်ကွင်း၊ ဦးပိုင်အမှတ်(၇၀/၅၈)၊ မြေဧရိယာ ၀ဒသမ ၃၄ ဧကအား မြေငှားဂရန် အမှုတွဲအမှတ် ၁၀/၁၉၈၉-၁၉၉၀ အရ ဦးမြင့်လွင်၊ ဒေါ်တင်တင်သွယ်တို့ အမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန် အမည်ပေါက်သူထံမှ အရောင်းအဝယ် စာချုပ်အမှတ်(၁၃၉/၂၀၂၃) ဖြင့် ဒေါ်မေကဗျာထွန်း၊ ဒေါ်မိုးသဥ္ဇာထွန်း၊ ဦးဝေယံထွန်းတို့၏ အထွေထွေကိုယ်စားလှယ်ရရှိသူ ဒေါ်အိအိခိုင်မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး (၁၂-၆-၂၀၁၄)ရက်နေ့တွင် မြေငှားဂရန် သက်တမ်းကုန်ဆုံးခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား(အသစ်) လျှောက်ထားနိုင်ရေး ဒေါ်မေကဗျာထွန်း ၆/မမန(နိုင်)၁၈၈၅၁၆၊ ဒေါ်မိုးသဥ္ဇာထွန်း ၆/မမန(နိုင်)၂၂၄၉၄၆၊ ဦးဝေယံထွန်း ၆/မမန(နိုင်)၂၂၄၆၄၃ တို့မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၂၄၁(က) စုံခေါင်းကော်ပတ်တောကွင်း၊ မြေကွက်အမှတ်(၅၄+၅၇+၅၈+၆၁)၊ စုစုပေါင်း မြေဧရိယာ ၀ဒသမ ၁၇၁ ဧကအား တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏(၂၇-၂-၁၉၉၈)ရက်စွဲပါစာအမှတ် ၅၄၀/၅-၄/တယက(တနင်္သာရီ) အရ အိမ်ရာမြေကွက်များအဖြစ် အသုံးပြုရန် ဦးရှမ်းဝင်းအား လ/န(၃၉)အမိန့်ခွင့်ပြုချထားပေးခဲ့ပြီး ဦးရှမ်းဝင်း(ခ)ဦးစိုးသိမ်း၏ အထွေထွေကိုယ်စားလှယ်ရရှိသူ ဦးထင်ကျော်အောင်မှ အရောင်းအဝယ်စာချုပ်အမှတ်(၁၉၆/၂၀၂၃)ဖြင့် ဦးအောင်စိုး၊ ဒေါ်သန်းမူတို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေနေရာအား မြေငှားဂရန်(အသစ်)လျှောက်ထားနိုင်ရေး ဦးအောင်စိုး ၆/မအရ(နိုင်)၀၃၉၃၈၀၊ ဒေါ်သန်းမူ ၆/ပလန(နိုင်)၀၁၄၄၇၂ တို့မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၂၃၇) ကုန်းဖောက်ကွင်း၊ မြေကွက် အမှတ်(၁၂၈)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကအား မြေငှားဂရန် အမှုတွဲအမှတ် ၂၁၂/၁၉၉၈-၁၉၉၉ အရ ဦးထွန်းငွေ၊ ဒေါ်အေးကြည်တို့အမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန် အမည်ပေါက်သူတို့ ကွယ်လွန်သဖြင့်/သားသမီးများ ဖြစ်သည့် ဦးကြံသာ၊ ဦးအောင်မြင့်၊ ဒေါ်မြင့်မြင့်ထွေးတို့မှ ပိုင်ဆိုင်ကြောင်းမွေကဲ့ဟကြေညာစာချုပ် ပြုလုပ်ပြီး ၎င်းတို့၏ အထွေထွေ ကိုယ်စားလှယ်ရရှိသူ ဒေါ်ယဉ်ယဉ်နွယ်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၈၃/၂၀၂၃) ဖြင့် ဦးခင်မောင်ဦးမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား(အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးခင်မောင်ဦး ၆/မမန(နိုင်)၁၇၃၉၇၆ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊မြိတ်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စာဂလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၈၂၀-ခ)၊ အကျယ်အဝန်း (၁၀ ပေ x ၆၀ ပေ)၊ မြေအမျိုးအစား-နှစ်(၆၀)ဂရန်မြေ (ဒေါ်ခင်ရွှေ အမည်ဖြင့် မှတ်သားတည်ရှိပါသည်) နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ပိုင်ရှင်ဖြစ်သူထံသို့ စရန်ငွေတစ်စိတ်တစ်ဒေသအားပေးချေခဲ့ ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် အရောင်းအဝယ်နှင့် ပတ်သတ်၍ ဤသတင်းစာကြေညာပါရှိသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား အောင်မြင်ပြီးမြောက်စေရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ဆွေစင်အိ(LL.B)(LL.M)** | **ဦးလင်းဘုန်းမြတ်(LL.B)(D.IP.L)(D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၈၆၉၇)** | **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၇၃၈၁)** |

**အမှတ်(၃၉၈/၃၉၉)၊ စတုတ္ထထပ်၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၉၅၆၆၆၆၃၆၀၊ ဖုန်း-၀၉-၇၈၅၁၉၄၉၀၉**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်၊ အကွက်အမှတ်(၃၇)ဘုရားကိုင်ကွင်း၊ ဦးပိုင်အမှတ်(၃၈၁)၊ မြေဧရိယာ ၀ဒသမ ၀၃၄ ဧကအား မြေငှားဂရန်အမှုတွဲအမှတ်၊ ၁၅၁/၁၉၉၃- ၁၉၉၄ အရ ဒေါ်ခင်မေဝင်း အမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူထံမှ အရောင်းအဝယ် စာချုပ်အမှတ်(၁၇၇/၂၀၂၂)ဖြင့် ဒေါ်ကြင်မေကြည်(ခ)ဒေါ်ကြင်စီမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး (၁၉-၁၂-၂၀၂၃)ရက်တွင် မြေငှားဂရန် သက်တမ်းကုန်ဆုံးခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (အမည်ပြောင်း သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဒေါ်ကြင်မေကြည်(ခ)ဒေါ်ကြင်စီ ၆/မမန(ဧည့်)၀၀၀၁၅၁ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်၊ အကွက်အမှတ်(၃၆)ဘုရားကိုင်ကွင်း၊ ဦးပိုင်အမှတ်(၁၅၈)၊ မြေဧရိယာ ၀ ဒသမ ၀၃၄ ဧကအား မြေငှားဂရန်အမှုတွဲအမှတ် ၁၁၉/၁၉၉၂-၁၉၉၃ အရ ဦးမျိုးမြင့် အမည်ဖြင့်ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူ၏ အထွေထွေကိုယ်စားလှယ်ရရှိသူ ဒေါ်သန်းထွေးထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၈၄/၂၀၂၂) ဖြင့် ဦးဇော်ဦးမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး (၈-၆-၂၀၂၂)ရက်တွင် မြေငှားဂရန်သက်တမ်းကုန်ဆုံးခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (အသစ်) လျှောက်ထားနိုင်ရေး ဦးဇော်ဦး ၆/မမန(နိုင်)၁၁၈၅၈၆ မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်၊ အကွက်အမှတ်(၃၇)ဘုရားကိုင်ကွင်း၊ ဦးပိုင်အမှတ်(၅၃၆)၊ မြေဧရိယာ ၀ ဒသမ ၀၃၄ ဧကအား မြေငှားဂရန်အမှုတွဲအမှတ် ၂၂၅/၁၉၉၂-၁၉၉၃ အရ ဦးခင်မောင်ကြီး အမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူထံမှ အရောင်းအဝယ် စာချုပ်အမှတ်(၁၃၆/၂၀၂၁)ဖြင့် ဒေါ်အင်မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး (၁၉-၁၂-၂၀၂၃)ရက်တွင် မြေငှားဂရန် သက်တမ်းကုန်ဆုံးခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား အမည်ပြောင်း/သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်အင် ၆/မအရ(နိုင်)၀၈၇၂၁၉ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၂၄၁(က) စုံခေါင်းကော်ပတ်တောကွင်း၊ မြေကွက်အမှတ်(၁/၂-၅၈)၊ မြေဧရိယာ ၀ ဒသမ ၀၆၉ ဧကအား မြေငှားဂရန်အမှုတွဲအမှတ် ၃၇၆/၂၀၀၀-၂၀၀၁ အရ ဒေါ်စန်းစန်းချို အမည်ဖြင့်ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူ၏ အထွေထွေကိုယ်စားလှယ်ရရှိသူ ဦးစိုးနိုင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၁၆/၂၀၂၃)ဖြင့် ဦးသန်းဇော်ဦး၊ ဒေါ်ချမ်းငြိမ်းသူတို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးသန်းဇော်ဦး ၁၂/ဗဟန(နိုင်)၀၁၇၀၅၉၊ ဒေါ်ချမ်းငြိမ်းသူ ၆/မအရ(နိုင်)၀၉၄၃၈၈ တို့မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ်(၁၈၆)တွင် နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်စန်းဦး (ဘ)ဦးဖိုး (၈/ရစက(နိုင်)၁၈၁၄၄၆)သည် (ဘ)ဦးသန်းထွန်းဦး၏သားဖြစ်သူ ဦးသက်ပိုင်ဦး (၁၂/အစန(နိုင်)၁၉၈၈၅၅) နှင့် (၇-၁၂-၂၀၁၈)ရက်တွင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဒေါ်ခင်စန်းဦး၏နေအိမ်ဖြစ်သော မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ပခန်းကြီးကျေးရွာအုပ်စု၊ ရွာသာရွာတွင်လည်းကောင်း၊ (၆-၁-၂၀၁၉)ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ်(၁၈၆)ရှိ နေအိမ်တွင်လည်းကောင်း၊ နှစ်ဖက်မိဘများ၏ သဘောတူညီမှုအရ နှစ်ဖက်မိဘများ၏ရှေ့မှောက်တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ မင်္ဂလာဧည့်ခံပွဲများ အသီးသီးကျင်းပပြုလုပ်ခဲ့ပြီး၊ အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းနေထိုင်ကြသော တရားဝင်ဇနီးမောင်နှံတို့ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ဇာနည်ဝင်း(ခ)ဇာနီဝင်း(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၉၀၄၁)**

**ဖုန်း-၀၉-၄၄၄၈၈၈၅၀၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၆-ရပ်ကွက်၊ မင်းခေါင် (၂) လမ်း၊ အမှတ်-၃၉၇(ခ) ပဉ္စမထပ်(၆လွှာ)၊ အကျယ်အဝန်း (၁၈ ပေ x ၅၄ ပေ)ရှိ တိုက်ခန်းအပါအဝင် ၎င်းတိုက်ခန်းနှင့် သက်ဆိုင်သောအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကန်ထရိုက်မြေရှင်အခန်းပေးအခန်းယူ စာချုပ်အရပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူမြေရှင် ဦးအုန်းမောင် (၁၂/ဥကတ(နိုင်)၀၀၉၃၀၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမင်းဇော် (၇/တငန(နိုင်)၀၉၉၀၉၉)က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံစာရွက် စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခိုင်ဆုဝေ (LL.B)** | **ဒေါ်မိုးမီမီခိုင် (LL.B)** |
| **(စဥ် - ၅၃၃၆၉)** | **(စဥ် - ၅၃၄၉၁)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်-၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း)ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၀၀၂၈၁၀၄**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊အမှတ်(၅၊၆၊၇)ရပ်ကွက်၊အကွက်အမှတ်(၅+၆+၇တိုးချဲ့)အတွင်းရှိ ဒေါ်ဆောက်မင်ဖိန်ပါ (၁၇)ဦးမှ မြေငှားဂရန်အသစ်လျှောက်ထားမှုအပေါ် လားရှိုးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ (၉-၁၁-၂၀၂၃) ရက်တွင် ကျင်းပပြုလုပ်သည့် ပုံမှန်အစည်းအဝေးအမှတ်စဉ်(၂၃/၂၀၂၃)၊ ဆုံးဖြတ်ချက်အပိုဒ်(၁၁-င) အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များမှ မြေစာရင်း ပုံစံ(၁၀၅/၁၀၆)ရေးဆွဲပြီး မြေငှားဂရန်/လိုင်စင်အသစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါကကြော်ငြာသည့်ရက်မှ ရက်ပေါင်း(၃၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လျှောက်ထားသူများအား မြေငှားဂရန်ထုတ်ပေးနိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဥ် | အမည် | မှတ်ပုံတင်အမှတ် | ဦးပိုင်အမှတ် | ဧရိယာ(ဧက) |
|---|---|---|---|---|
| ၁ | ဒေါ်ဆောက်မင်ဖိန် | ၁၃/ကခန(နိုင်)၁၁၄၈၂၆ | ၁၆၇ | ၀.၀၈၂ |
| ၂ | ဦးယုံထန် | ၁၃/ကခန(နိုင်)၀၃၈၃၉၉ | ၂၆၄/၁ | ၀.၁၄၂ |
| ၃ | ဒေါ်စန္ဒာဝင်း | ၁၃/တမည(နိုင်)၀၁၂၇၀၂ | ၁၂၉/၇၀၀ | ၀.၀၄၆ |
| ၄ | ဦးလအောင်ဆန်း | ၁/ဟပန(နိုင်)၀၂၀၂၅၁ | ၅၄/၅၄၅ | ၀.၁၅၁ |
| ၅ | ဒေါ်ကျိန်မြင့်ကြူ | ၁၃/တယန(နိုင်)၁၀၅၅၄၉ | ၅၄ | ၀.၁၀၇ |
| ၆ | ဒေါ်ကျောင်တုံးကြူ | ၁၃/ကခန(နိုင်)၁၁၃၀၉၈ | ၅၃ | ၀.၀၉၃ |
| ၇ | ဦးလောက်ကို | ၁၃/ဟပတ(နိုင်)၀၁၆၀၈၂ | ၅၁ | ၀.၀၈၈ |
| ၈ | ဦးရန်ကျားပိ | ၁၃/လရန(နိုင်)၁၆၄၉၅၇ | ၈၂ | ၀.၀၆၀ |
| ၉ | ဒေါ်နန်းမလေး | ၁၃/လရန(နိုင်)၁၂၅၄၇၂ | ၉၆ | ၀.၂၇၉ |
| ၁၀ | ဒေါ်ကြူကြူသင်း | ၈/မခက(နိုင်)၂၁၂၉၉၃ | ၁၀၆ | ၀.၈၀၈ |
| ၁၁ | ဒေါ်ကြည်ကြည်မြင့် | ၁၃/လရန(နိုင်)၁၃၉၀၂၈ | ၁၄၅ | ၀.၁၇၃ |
| ၁၂ | ဦးဇော်ဝင်း | ၁၃/လရန(နိုင်)၁၁၀၈၄၅ | ၁၇၃ | ၀.၁၀၅ |
| ၁၃ | ဦးရန်ဖုန်းရင် | ၁၃/တယန(နိုင်)၀၁၈၈၂၉ | ၁၉၈ | ၀.၀၈၂ |
| ၁၄ | ဒေါ်ရှောက်တေ | ၁၃/သနန(နိုင်)၀၃၄၈၀၇ | ၂၀၉ | ၀.၀၆၀ |
| ၁၅ | ဦးလီလောက်ဝူး | ၁၃/ကလတ(နိုင်)၀၁၃၆၃၀ | ၂၄၉ | ၀.၀၉၀ |
| ၁၆ | ဒေါ်ရှောက်ရှန်း | ၁၃/လရန(နိုင်)၁၁၉၁၇၈ | ၃၀၉ | ၀.၀၉၃ |
| ၁၇ | ဦးအားရှိုး | ၁၃/ဟပတ(နိုင်)၀၂၇၉၁၂ | ၃၇၉ | ၀.၁၁၃ |

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြော်ငြာခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ကန်ရိုးကျေးရွာ၊ တောရကျောင်းလမ်းနေ မသီရိလှိုင် ၉/မသန(နိုင်)၁၁၆၉၁၄ သည် မိဘနှင့်ဆွေမျိုးသားချင်းတို့၏ ဆိုဆုံးမပြောဆိုခြင်းအား နာခံမှုမရှိဘဲ သူ့ဘဝသူကိုယ်တိုင် ရွေးချယ်သွားပါသဖြင့် အဘဖြစ်သူ ဦးကျော်ဇော ၉/မထလ(နိုင်)၀၄၅၃၇၄ သည် ဤကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးကျော်ဇော ၉/ မထလ(နိုင်)၀၄၅၃၇၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အမှတ်(၆၇၁)၊ အနောက်ကြို့ကုန်းရပ်ကွက်၊ ခဝဲခြံ(၁)လမ်း၊ ဒေါ်အနော်မာကြည် ပိုင်ဆိုင်မြေကွက် အကျယ်အဝန်း (အလျား ၆၀ ပေ x အနံ ၂၅ ပေ)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်သည့် (၅)လွှာ၊ (၂)ခန်းတွဲ ငါးထပ်တိုက် အခန်း(၁၀)ခန်းပါရှိသော RC သံကွန်ကရစ်တိုက် အဆောက်အအုံ အတွင်းမှ အလျား ၅၅ ပေ x အနံ ၁၂ ပေခွဲ အကျယ်အဝန်းရှိ (၃)လွှာ (ခေါင်းရင်းခန်း) ကန်ထရိုက်တာပိုင် အသင့်နေထိုင်ရန်တိုက်ခန်းနှင့် ယင်းတိုက်ခန်းရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြု ပြောဆိုသူများဖြစ်ကြသည့် (၁) ဦးအောင်နိုင်ဦး ၇/သဝတ(နိုင်)၀၇၀၃၇၅၊ (၂)ဦးမြင့်ဇော် ၇/ရတန(နိုင်)၀၉၃၄၆၄ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများ ဖြစ်ကြသည့် (၁)ဦးတိုးတိုးလွင် ၁၂/မရက(နိုင်)၀၀၂၂၆၇၊ (၂) ဒေါ်နှင်းနှင်းဇော် ၅/တမန(နိုင်)၀၀၉၅၅၇ တို့မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းရောင်းချခြင်းနှင့် ပတ်သတ်၍ ကန့်ကွက် လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့သို့ စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သက်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စန္ဒာစိုး(LL.B) စဥ်-၈၅၃၇/၂၂-၁၁-၂၀၁၂ တရားလွှတ်တော်ရှေ့နေ**

**တိုက် ၅၅၊ အခန်း ၁၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်။**

**ဖုန်း-၀၉- ၄၃၀၉၅၃၂၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံတောင်မြို့နယ်၊ (၁၉)ရပ်ကွက်၊ မာလာမြိုင် (၅) လမ်း၊ မြေကွက်အမှတ်(၁၀၁၀) ဟုခေါ်တွင်သော (၄၀ x ၆၀)ပေရှိ မြေကွက်အား ပါမစ်အမည်ပေါက် ဒေါ်မြကျင်(၁၂/တမန(နိုင်)၀၂၉၃၃၇) ထံမှ အစဉ်အဆက်စာချုပ်များဖြင့် နောက်ဆုံးဝယ်ယူထားသူ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခိုင်သဥ္ဇာအောင် (၁၂/ဒဂဆ(နိုင်)၀၁၂၁၀၁)မှ ဒေါ်အေမီဦး(၇/ဇကန(နိုင်)၀၄၉၄၁၄)သို့ ပေ(၄၀ x ၆၀)မြေကွက် အနက်မှ ပေ(၂၀ x ၆၀)မြေကွက်အား ရောင်းချရန်အတွက် စရန်ငွေရယူထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံတွင် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီးသတ်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ညွှန်ကြားသူ** | **ညွှန်ကြားချက်အရ-** |
| **ဒေါ်ခိုင်သဥ္ဇာအောင်** | **ဒေါ်ငွေးငွေးရီ** |
| **(၁၂/ဒဂဆ(နိုင်)၀၁၂၁၀၁)** | **(တရားလွှတ်တော်ရှေ့နေ)** |
| **အမှတ်-၁၀၁၀၊ မင်းလှကျော်ထင်လမ်း၊** | **စဥ်-၆၅၃၅** |
| **(၆၉)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်။** | **H.GP, LL.B.DL 101 WIPO** |
| | **(Switzerland), B.D.S(MOFA)** |
| | **တိုက်(၂)၊အခန်း(၀၀၁)၊** |
| | **နှင်းဆီကုန်းအဆင့်မြင့်အိမ်ရာ၊** |
| | **(က)ရပ်ကွက်၊သဃ်န်းကျွန်းမြို့နယ်။** |
| | **ဖုန်း-၀၉-၅၀၈၉၂၃၉** |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/93774 ယာဉ်လက်ဝယ်ရှိသူ ဦးရဲမြင့်ဦး ၇/ရတရ(နိုင်)၁၇၆၃၄၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2J/5502,Toyota Alphard ANH10,Micro Bus(4X2)R ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင် ၉/မကန(နိုင်)၀၀၀၀၉၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8M/5457, Shine Light Truck (SLT-01), Pick Up (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းဦး၁၂/သလန(ဧည့်)၀၀၀၀၆၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာ ရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## ဖခင်အမည်မှန်

ဟုမ္မလင်း၊ အထက(၁) Grade-9 မှ မောင်ဖိုးချစ်၏ ဖခင်အမည်မှန်မှာ ဦးသောင်းငွေ ၅/ ဟမလ(နိုင်)၀၅၈၃၀၇ အမှန် ဖြစ်ပါကြောင်း။

ဦးသောင်းငွေ

## တစ်ဦးတည်းဖြစ်ကြောင်း

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ဝါခရူကျေးရွာ တောင်ပိုင်းနေ မသီတာထွေး၏ဖခင် ဦးသိန်းဖေ နှင့် ဦးသန်းဖေ TPZT-၀၁၈၀၆၀ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဦးသိန်းဖေ(ခ)ဦးသန်းဖေ

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်နှင့်အမည်(RA-VI) ကွက်ပြင်ရပ်၊ ဦးပိုင်အမှတ် (၁၂-က) မြေဧရိယာ(၀.၅၀) ဧကရှိမြေအား ဒေါ်ခိုင်မာဝင်း ၉/ပသက(နိုင်)၀၃၂၇၄၁ မှ စက်မှု/စီးပွားမြေပြောင်းဂရန် သက်တမ်းတိုးရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ကြော်ငြာပါသည့်နေ့မှစ၍ ရက်ပေါင်း (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြင်ဦးလွင်မြို့နယ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
တောင်ကြီးမြို့နယ်တရားရုံးတော်
၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၆၂ နှင့် ဆက်နွယ်သည့် - ၂၀၂၃ ခုနှစ် ၊ ဇာရီမှုအမှတ်-၆၀

၁။ ဦးဇော်ထိုက် နှင့် ၁။ ဗိုလ်ကြီးကျော်မြင့်ထွန်း
၂။ ဒေါ်စိုးစိုးရီ ၂။ ဗိုလ်မှူးကြီးညဏ်ထွန်း
( ၎င်းတို့ ၏ အထွေထွေကိုယ်စားလှယ် စာရသူ ဒေါ်ချောစုစုအောင် )
(တရားနိုင်များ) (တရားရှုံးများ)

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အမှတ် (၅)၊ ကျိုက္ကဆံအားကစားကွင်းနေ ဗိုလ်ကြီးကျော်မြင့်ထွန်းနှင့် ဗိုလ်မှူးကြီးညဏ်ထွန်း (ယခုနေရပ်လိပ်စာမသိ)တို့သိစေရမည်။

၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၂ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးဇော်ထိုက်နှင့် ဒေါ်စိုးစိုးရီ (၎င်းတို့၏ အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်ချောစုစုအောင်)က လျှောက်ထားသည် ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ (၁၃၈၅- ခုနှစ်၊ တပေါင်းလဆုတ် ၄ ရက်နေ့)၊ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ မတ်လ ၁၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သင်းသီရိဝင်း)
မြို့နယ်တရားသူကြီး
တောင်ကြီးမြို့နယ်တရားရုံး

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 27W/ 4221 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး
(ပဲခူး)

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6R/8318 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (သာယာဝတီ)

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ ဗဟို (၁၂) လမ်း၊ အမှတ် (H/၁၃၉)ဟုခေါ်တွင် သော သက်ဆိုင်ရာဌာနတွင် ဒေါ်ခင်ဝင်းရီ အမည်ဖြင့် စလစ်ပြေစာအမည်ပေါက်ပေ (၄၀ x ၆၀)အကျယ်ရှိ မြေအနက်မှ တောင်ဘက်ခြမ်းပေ (၂၀ x ၆၀)အကျယ်ရှိမ ြေနှင့် ယင်းမြေပေါ်ရှိ တစ်ထပ်တိုက်ခံ ပျဉ်ထောင်အိမ်အပါအဝင် ရေ၊ မီးအစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ပိုင်ရှင်ဟု အဆိုပြုရောင်းချသူ ဦးဇော်လင်းဦး (၁၀/သထန(နိုင်)၁၆၀၀၃၃) ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ၎င်းအား ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်တင်လှ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၅၀)
ဖုန်း-၀၉-၄၃၀၇၃၄၂၆၊ ၀၉-၇၉၉၄၂၇၇၉

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ (၃/ခ) ရပ်ကွက်၊ (၉)လမ်း၊ အမှတ် (၁၁)ဟုခေါ်တွင်သော အလျား (၁၇ ၃ )ပေ x အနံပေ(၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ် (၁)လုံးနှင့်မီးမီတာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ဖြိုးဝေမွန် (၁၀/မဒန(နိုင်)၁၆၂၀၈၉)ထံမှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးမိုးထွန်းနှင့်ဒေါ်တင်မေဝင်းတို့ (၂) ဦးက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် အဆိုပါ အိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၃)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

